မှတ်ပုံတင်အမှတ်−၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

အမှတ် ၁၆] ရန်ကုန်မြို့ { ၁၃၈၂ ခုနှစ်၊ တန်ခူးလဆန်း ၅ ရက် (၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၆ ရက်) } သောကြာနေ့ [အတွဲ ၇၄

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် (၃ / ၂၀၂၁ )**

**ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေ**

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၂။ ဤဥပဒေကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၃။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ (ဆ) ကို အောက်ပါအတိုင်း အစားထိုးရမည်−

"(ဆ) အခြားရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုမှ ညဥ့်အိပ်ညဥ့်နေ လာရောက်တည်းခိုသော ဧည့်သည်များအတွက် ဧည့်စာရင်း တိုင်ကြားခြင်းကို လက်ခံခြင်း၊ ခွင့်ပြုခြင်း၊ ဧည့်စာရင်းစစ်ဆေးခြင်း၊ ဧည့်စာရင်း တိုင်ကြားရန် ပျက်ကွက်လျှင် အရေးယူခြင်း၊"

၄။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ဂ)၏ နောက်တွင် ပုဒ်မခွဲ (ဃ)အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်−

"(ဃ) ပုဒ်မခွဲ(က)၊ (ခ)နှင့် (ဂ) တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နိုင်ခြင်း မရှိသည့်အခါ မြို့နယ်အုပ်ချုပ်ရေးမှူးသည် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ သို့မဟုတ် နေပြည်တော်ကောင်စီ၏ သဘောတူညီချက်ရယူ၍ သင့်လျော်သည့် ပုဂ္ဂိုလ်တစ်ဦးဦးကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအဖြစ် ယာယီ တာဝန်ပေးအပ်နိုင်သည်။"

၅။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေပုဒ်မ ၁၇ ကိုအောက်ပါအတိုင်း အစားထိုးရမည်-

"၁၇။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူသည် အောက်ပါကိစ္စ တစ်ရပ်ရပ်ပေါ်ပေါက်ပါက သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက မှတ်တမ်းထားရှိနိုင်ရန် သတ်မှတ်ချက်များနှင့်အညီ တိုင်ကြားရမည်-

(က) အခြားရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတစ်ခုခုတွင် နေထိုင်ပြီး မိမိ အိမ်ထောင်စုစာရင်းဝင် မဟုတ်သူက ညဥ့်အိပ်ညဥ့်နေ ဧည့်သည်အဖြစ် လာရောက်တည်းခိုခြင်း၊

( ခ ) မိမိထံလာရောက်တည်းခိုသော ဧည့်သည် ပြန်လည်ထွက်ခွာသွားခြင်း။"

၆။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေပုဒ်မ ၂၇ ကိုအောက်ပါအတိုင်း အစားထိုးရမည်-

"၂၇။ မည်သူမဆို ပုဒ်မ ၁၇၊ ပုဒ်မ ၁၈နှင့် ပုဒ်မ ၁၉ တို့ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင် ထိုသူကို ကျပ် တစ်သောင်း ထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။ ငွေဒဏ် ပေးဆောင်ရန် ပျက်ကွက်ပါက ထောင်ဒဏ်ခုနစ်ရက်ထက်မပိုသော ထောင်ဒဏ်ကျခံစေရန် သက်ဆိုင်ရာတရားရုံးက ချမှတ်ရမည်။"

၇။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေပုဒ်မ ၂၈ တွင် ပုဒ်မခွဲ(ခ)နှင့် (ဂ)တို့ကို အောက်ပါအတိုင်းအစားထိုးရမည်-

"(ခ) ပုဒ်မ ၁၆၊ ပုဒ်မခွဲ(ဂ) သို့မဟုတ် ပုဒ်မခွဲ (ဃ)အရ ယာယီတာဝန်ပေးအပ်ခံရသူအတွက် ချီးမြှင့်ထောက်ပံ့ငွေ၊

(ဂ) သက်တမ်းကာလအပြည့် တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်ပါက တစ်လုံးတစ်ခဲတည်းချီးမြှင့်ငွေ။"

၈။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေပုဒ်မ ၃၃ ကိုအောက်ပါအတိုင်း အစားထိုးရမည်-

"၃၃။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးသည် ဧည့်စာရင်းတိုင်ကြားခြင်းကိစ္စနှင့်စပ်လျဉ်း၍ ငွေကြေးတစ်စုံတစ်ရာတောင်းခံခြင်းမပြုရ။"

---

**ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။**

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ( ၄ / ၂၀၂၁ )**

**နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကိုကာကွယ်ပေးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ**

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၂။ ဤဥပဒေကို နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၃။ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၅၊ ပုဒ်မ ၇ နှင့် ပုဒ်မ ၈ တို့ပါ ပြဋ္ဌာန်းချက်များကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၀ နှင့်အညီ ရပ်ဆိုင်းထားရမည်။

၄။ ဤဥပဒေသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ နိုင်ငံတော်အာဏာကို လွှဲအပ်ဆောင်ရွက်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို တာဝန်ပေးအပ်ထားသည့် ကာလအတွင်းသာ ဖြစ်သည်ဟု မှတ်ယူရမည်။

---

**ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။**

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ( ၅ / ၂၀၂၁)**

**ရာဇသတ်ကြီးကို ပြင်ဆင်သည့် ဥပဒေ**

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၂။ ဤဥပဒေကို ရာဇသတ်ကြီးကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၃။ ရာဇသတ်ကြီးပုဒ်မ ၁၂၁ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"121. Whoever wages war against the Union of Myanmar or any constituent unit thereof, or assists any State or person or incites or conspires with any person within or without the Union to wage war against the Union or any constituent unit thereof, or attempts or prepare to alter unconstitutional means or any other means or otherwise prepares by force of arms or other violent means to overthrow the organs of the Union or of its constituent units established by the Constitution, or takes part or is concerned in or incites or conspires with any person within or without the Union to make or to take part or be concerned in any such attempt shall be guilty of the offence of High Treason."

၄။ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-က ကို အောက်ပါအတိုင်းအစားထိုးရမည်-

"124 A. Whoever by words, either spoken or written, or by signs, or by visible representation, or otherwise, bring or attempts to bring into hatred or contempt, or excites or attempts to excite dis-affection towards the Government established by law for the Union or for the constituent units or the Defence Services or Defence Services Personnel shall be punished with imprisonment for a term of twenty years, to which fine may be added, or with imprisonment which may extend to seven years, to which fine may be added, or with fine."

၅။ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ခ ၏နောက်တွင် ပုဒ်မ ၁၂၄-ဂ နှင့် ပုဒ်မ ၁၂၄-ဃ တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"**sabotage or hinder the performance of the Defence Services of the Union or Law Enforce-ment agencies**

124 C. Whoever intends or causes to sabotage or to hinder the success of performance of the Defence Services and law enforcement organizations who are engage in preserving the stability of the State, Shall be punished with imprisonment for a term of twenty years, to which fine may be added, or with imprisonment which may extend to ten years, to which fine may be added, or with fine.

**disrupts or hinders Defence Services and Government employees**

124 D. Whoever causes or hinders the Defence Services personnel and Government employees towards the Government, disrupts or hinders in one way or the other, those who are carrying out their duties, Such a person shall be punished with imprisonment which may extend to seven years, to which fine may be added, or with fine."

၆။ ရာဇသတ်ကြီး ပုဒ်မ ၅၀၅ တွင်–

(က) ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း အစားထိုးရမည်–

"(a) with intent to cause, or which is likely to cause, a member of the Defence Services to violates or infringes upon the integrity, health, conduct and respect of the Government employees towards the Government or the Defence Services, disrupts or hinders in one way or the other, those who are carrying out their duties, or"

(ခ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မခွဲ (ဂ) တို့အား ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မခွဲ (ဃ) အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၇။ ရာဇသတ်ကြီးပုဒ်မ ၅၀၅ ၏နောက်တွင် ပုဒ်မ ၅၀၅–က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

"**cause fear, spread false news, agitate directly or indirectly criminal offence againsts a Gov–ernment employee**

505 A. Whoever–

(a) cause or intends to cause fear to a group of citizens or to the public in general,

(b) cause or intends to spread false news, knowing beforehand that it is untrue,

(c) cause or intends to commit or to agitate directly or indirectly criminal offence againsts a Government employee, a group of Government employees or Government employees in general;

Such a person shall be punished with imprisonment which may extend to three years, to which fine may be added, or with fine."

---

**ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။**

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ( ၆ / ၂၀၂၁)**

**ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေ**

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၂။ ဤဥပဒေကို ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၃။ ရာဇဝတ်ကျင့်ထုံးဥပဒေ ဇယား (၂) တွင် –

(က) ရာဇသတ်ကြီးပုဒ်မ ၁၂၄–ဂ အတွက် စာတိုင်(၂)တွင် "sabotage or hinder the performance of the Defence Services of the Union or Law Enforcement agencies"၊ စာတိုင်(၃)တွင် "Shall not arrest without warrant"၊ စာတိုင်(၄) တွင် "warrant"၊ စာတိုင်(၅)တွင် "Not bailable"၊ စာတိုင်(၆)တွင် "Not compoundable"၊ စာတိုင် (၇)တွင်"imprisonment for a term of twenty years, to wich fine may be added, or with imprisonment which may extend to ten years, to which fine may be added, or with fine."ဖြင့် အသီးသီးဖြည့်စွက်ရမည်။

( ခ ) ရာဇသတ်ကြီးပုဒ်မ ၁၂၄–ဃ အတွက် စာတိုင်(၂)တွင် "disrupts or hinders Defence Services personnel and Government employees"၊စာတိုင်(၃)တွင် "Shall not arrest without war–rant"၊ စာတိုင်(၄) တွင် "warrant"၊ စာတိုင်(၅)တွင် "Not bailable"၊ စာတိုင်(၆)တွင် "Not com–poundable"၊ စာတိုင်(၇)တွင် "imprisonment which may extend to seven years, to which fine may be added, or with fine."ဖြင့်အသီးသီး ဖြည့်စွက်ရမည်။

( ဂ ) ရာဇသတ်ကြီးပုဒ်မ ၅၀၅–က အတွက် စာတိုင်(၂)တွင် "cause fear, spread false news, agitate directly or indirectly criminal offence againsts a Government employee"၊စာတိုင်(၃)တွင် "May arrest without warrant"၊ စာတိုင်(၇)တွင် "imprisonment which may extend to three years, to which fine may be added, or with fine."ဖြင့်အသီးသီး ဖြည့်စွက်ရမည်။

---

**ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။**

(ပုံ) မင်းအောင်လှိုင်

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်

(၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်း ကို ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမိန့်အရ

(ပုံ) အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်)

**မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဗဟိုကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၈ ခုနှစ်)ပုဒ်မ ၃(က) အရ နိုင်ငံတော်စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများကို အသုံးပြု၍ စီးပွားဖြစ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဓာတ်သတ္တုထုတ်လုပ်ခြင်းနှင့် အစိုးရက ခွင့်ပြုထားသော ဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများကို ထိရောက်မှန်ကန်စွာ အသုံးချစီမံဆောင်ရွက်နိုင်ရန် **မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ** ကိုအောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ခ ) | ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၁) |
| ( ဂ ) | ဒုတိယဝန်ကြီး<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၂) |
| (ဃ) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( င ) | တွဲဖက်စစ်ထောက်ချုပ် (၂)<br>စစ်ထောက်ချုပ်ရုံး<br>ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) | အဖွဲ့ဝင် |

| | | |
|---|---|---|
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းအခွန်များဦးစီးဌာန<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ညွှန်ကြားရေးမှူးချုပ်<br>ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ညွှန်ကြားရေးမှူးချုပ်<br>မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ညွှန်ကြားရေးမှူးချုပ်<br>ငါးလုပ်ငန်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ညွှန်ကြားရေးမှူးချုပ်<br>သတ္တုတွင်းဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | ညွှန်ကြားရေးမှူးချုပ်<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဒ) | မြို့ပြအုပ်ချုပ်ရေးကိစ္စများဆိုင်ရာ<br>ပြင်ပ ပညာရှင် (၁) ဦး | အဖွဲ့ဝင် |

( ဓ ) သစ်တောရေးရာဆိုင်ရာပြင်ပပညာရှင် (၁) ဦး အဖွဲ့ဝင်
( န ) မြေယာဆိုင်ရာပြင်ပပညာရှင် (၁) ဦး အဖွဲ့ဝင်
( ပ ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

၂။ **မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ** အနေဖြင့် နိုင်ငံတော်အတွင်းရှိ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို အောက်ဖော်ပြပါ လုပ်ငန်းများအတွက် တည်ဆဲဥပဒေများနှင့်အညီ နည်းလမ်းတကျဆောင်ရွက်နိုင်ရန် စိစစ်ခြင်း၊ ခွင့်ပြုခြင်း၊ လုပ်ပိုင်ခွင့်ရုပ်သိမ်းခြင်းများတို့ကို ဆောင်ရွက်နိုင်သည်-

(က) စိုက်ပျိုးရေးလုပ်ငန်း
( ခ ) မွေးမြူရေးလုပ်ငန်း
( ဂ ) ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်း
(ဃ) အစိုးရကခွင့်ပြုသော ဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများ။

၃။ **မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ** သို့ အောက်ပါပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများက နည်းလမ်းတကျတင်ပြလျှောက်ထားလာခြင်းများကို စိစစ်၍ ခွင့်ပြုခြင်း၊ ငြင်းဆိုခြင်းများ ဆောင်ရွက်နိုင်သည်-

(က) မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူများ၊
( ခ ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊
( ဂ ) ၁၉၈၇ ခုနှစ်၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေပုဒ်မ၁၄အရ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကင်းလွတ်ခွင့်ပြုထားသူများဖြစ်သည့် နိုင်ငံတော်နှင့် သံတမန်အဆက်အသွယ်ရှိသော နိုင်ငံခြားသံတမန်အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အခြားမည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်၊
(ဃ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ရပ်ရပ်နှင့် အကျိုးတူကိစ္စရပ်များအတွက် ဆောင်ရွက်မည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ၊
( င ) မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူများနှင့် အကျိုးတူကိစ္စရပ်များအတွက် ဆောင်ရွက်မည့်မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ။

၄။ နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်စီမံခန့်ခွဲရေးကော်မတီများ၏သဘောထားထောက်ခံချက်ဖြင့်တင်ပြလာသည့်မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများလုပ်ပိုင်ခွင့်၊အသုံးပြုခွင့်နှင့်စပ်လျဉ်းသည့်ကိစ္စရပ်များနှင့် စီမံခန့်ခွဲရေးကော်မတီများ၏ ငြင်းပယ်ကြောင်းဆုံးဖြတ်ချက်ကို မကျေနပ်၍ အယူခံဝင်ရောက်လာသည့်ကိစ္စရပ်များအား ဆုံးဖြတ်ပေးရမည်။

၅။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲမှုများနှင့်စပ်လျဉ်း၍ ဆောင်ရွက်မှုကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေး အစည်းအဝေးသို့ (၆) လလျှင် တစ်ကြိမ်တင်ပြရမည်။ မူဝါဒဆိုင်ရာ အဆုံးအဖြတ်ခံယူရန် ပေါ်ပေါက်ပါက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌထံ နည်းလမ်းတကျ တင်ပြ၍ လမ်းညွှန်မှုခံယူရမည်။

၆။ **မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ** သည် မိမိ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များနှင့် စပ်လျဉ်းပြီး လိုအပ်သော တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ လုပ်ထုံးလုပ်နည်းများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးအစည်းအဝေး၏ သဘောတူညီမှုအရ အမိန့်ကြော်ငြာစာ ထုတ်ပြန်ဆောင်ရွက်နိုင်သည်။

၇။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈၃/၂၀၁၈ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

(ပုံ) အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

## အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၂၁)

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်
(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်)

### CMP လုပ်ငန်းများကြီးကြပ်ရေးကော်မတီဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း နိုင်ငံခြားကုမ္ပဏီများ၊ တိုင်းရင်းသားကုမ္ပဏီများနှင့် တိုင်းရင်းသားလုပ်ငန်းရှင်များက ဆောင်ရွက်နေသည့် Cutting Making Packaging (CMP) လက်ခစား လုပ်ငန်းများကို သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်စေရေးအတွက် စစ်ဆေး ဆောင်ရွက်နိုင်ရန် **CMP လုပ်ငန်းများကြီးကြပ်ရေးကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်း လိုက်သည်–

(က) ပြည်ထောင်စုဝန်ကြီး — ဥက္ကဋ္ဌ
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ခ) ဒုတိယဝန်ကြီး — ဒုတိယဥက္ကဋ္ဌ
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

(ဂ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

(ဃ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(င) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

(စ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပြည်တွင်းအခွန်များဦးစီးဌာန
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

(ဆ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အကောက်ခွန်ဦးစီးဌာန
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

(ဇ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(ဈ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန
စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ည) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ဋ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဌ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း

(ဍ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း

(ဎ) ဒုတိယဝန်ကြီး — အတွင်းရေးမှူး
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ဏ) အမြဲတမ်းအတွင်းဝန် — တွဲဖက်အတွင်းရေးမှူး
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

၂။ "CMPလုပ်ငန်းများကြီးကြပ်ရေးကော်မတီ"၏လုပ်ငန်းတာဝန်များမှာအောက်ပါအတိုင်းဖြစ်သည်-

(က) CMP စနစ်ဖြင့်လုပ်ငန်းဆောင်ရွက်လိုကြောင်း လျှောက်ထားလာမှုများကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုမိန့်ထုတ်ပေးနိုင်ရေးအတွက် သဘောထားမှတ်ချက်နှင့်တကွ စိစစ်ဆောင်ရွက်ပေးခြင်း၊

(ခ) CMP စနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုမိန့်ရရှိသည့်လုပ်ငန်းများအား အောက်ပါအချက်အလက်များကို လိုက်နာဆောင်ရွက်မှုရှိ မရှိ စစ်ဆေးကြပ်မတ်ဆောင်ရွက်ခြင်း-

(၁) တည်ဆဲဥပဒေများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခြင်းရှိ မရှိ၊

(၂) စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ ထုတ်ပြန်သော အမိန့်ကြော်ငြာစာများနှင့်အညီ လိုက်နာဆောင်ရွက်မှု ရှိ မရှိ၊

(၃) သတ်မှတ်ညွှန်ကြားချက်များနှင့်အညီ အခွန်ပေးဆောင်ခြင်း ရှိ မရှိ၊

(၄) ရရှိသောလုပ်ခများကိုဘဏ်သို့ မှန်ကန်စွာပေးသွင်းခြင်း ရှိ မရှိ၊

(၅) အလုပ်သမားများအတွက် ရသင့်ရထိုက်သော လုပ်ခခံစားခွင့်များ အပြည့်အဝထုတ်ပေးခြင်း ရှိ မရှိ၊

(၆) စာရင်းဇယားများ စနစ်တကျထားရှိခြင်း ရှိ မရှိ၊

၃။ CMP လုပ်ငန်းများစနစ်တကျထိရောက်စွာ ကြီးကြပ်သွားနိုင်ရန်အတွက်လိုအပ်သော ဆပ်ကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

၄။ CMP စနစ်ဖြင့် ဆောင်ရွက်သောလုပ်ငန်းများအား ထိရောက်စွာ ကြီးကြပ်နိုင်ရန်အတွက်သက်ဆိုင်ရာ အစိုးရဌာနအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့်ကုမ္ပဏီများအား အစည်းအဝေးခေါ်ယူ တွေ့ဆုံဆွေးနွေးခြင်း၊ လိုအပ်သော စာရင်းဇယားများရယူခြင်း၊ CMP လုပ်ငန်းရှင်များအား တွေ့ဆုံ မေးမြန်းနိုင်သည်။

၅။ "မူ" အရ ဆုံးဖြတ်ခြင်းမပြုနိုင်သောကိစ္စများ ပေါ်ပေါက်ပါက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ တင်ပြဆောင်ရွက်ရန်ဖြစ်ပါသည်။

၆။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၆/၂၀၁၆ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

(ပုံ) အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်

( ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်)

**အမျိုးသားအဆင့်ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ မြန်မာနိုင်ငံအတွင်း ပြန်ပြည့်မြဲစွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်၊ နိုင်ငံတကာမှအကူအညီများ ဆက်သွယ်ရယူဆောင်ရွက်နိုင်ရန်၊ ပညာရပ်ပိုင်းဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်လာပြီး စီမံကိန်းများ အကောင် အထည်ဖော်ရာတွင် နိုင်ငံတော်မှ စနစ်တကျ စီမံခန့်ခွဲနိုင်ရန် **အမျိုးသားအဆင့်ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာ ကော်မတီ (National Renewable Energy Committee)** ကိုအောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌ
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

( ခ ) ပြည်ထောင်စုဝန်ကြီး ဒုတိယဥက္ကဋ္ဌ (၁)
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

( ဂ ) ပြည်ထောင်စုဝန်ကြီး ဒုတိယဥက္ကဋ္ဌ (၂)
ပညာရေးဝန်ကြီးဌာန

(ဃ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

( င ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

( စ ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဆ) ပြည်ထောင်စုရှေ့နေချုပ် အဖွဲ့ဝင်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(ဇ) ဥက္ကဋ္ဌ အဖွဲ့ဝင်
နေပြည်တော်ကောင်စီ

(ဈ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

(ည) မြို့တော်ဝန် အဖွဲ့ဝင်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

(ဋ) မြို့တော်ဝန် အဖွဲ့ဝင်
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

(ဌ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

(ဍ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဎ) ဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း

(ဏ) ဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံဗိသုကာအသင်း

(တ) ဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာ့ပြန်ပြည့်မြဲစွမ်းအင်အသင်း

(ထ) ဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

(ဒ) ဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း

(ဓ) ညွှန်ကြားရေးမှူးချုပ်/ဦးဆောင်ညွှန်ကြားရေးမှူး အတွင်းရေးမှူး
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

၂။ အမျိုးသားအဆင့်ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာမူဝါဒ၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်ပြန်ပြည့်မြဲစွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ရေတို/ ရေရှည်စီမံချက်များရေးဆွဲပြဋ္ဌာန်းနိုင်ရန် ကြီးကြပ်ဆောင်ရွက်ပေးခြင်း၊

(ခ) အမျိုးသားပြန်ပြည့်မြဲစွမ်းအင်မူဝါဒနှင့် စီမံချက်များ အကောင်အထည်ဖော်ဆောင်မှုအခြေအနေများကို လေ့လာဆန်းစစ်ခြင်းနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စိမံခန့်ခွဲရေးကော်မတီထံ အကြံပြုချက်များ တင်ပြခြင်း၊

(ဂ) ပြန်ပြည့်မြဲစွမ်းအင်ကဏ္ဍတွင် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်လာစေရေး၊ ပြန်ပြည့်မြဲစွမ်းအင်အရင်းအမြစ်များ အသုံးချမှု ပိုမိုမြင့်မားလာစေရေးနှင့် ပြန်ပြည့်မြဲစွမ်းအင် နည်းပညာများဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးခြင်း၊

(ဃ) ပြန်ပြည့်မြဲစွမ်းအင်မှထုတ်လုပ်သော ဓာတ်အားကို နိုင်ငံတော်ဓာတ်အားစနစ်နှင့် ချိတ်ဆက်နိုင်ရေး ကိစ္စရပ်များနှင့် ဓာတ်အားဝယ်ယူခြင်းဆိုင်ရာကိစ္စရပ်များအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း၊

( င ) သက်ဆိုင်ရာပြန်ပြည့်မြဲစွမ်းအင်ကဏ္ဍအလိုက် ဦးစားပေးဆောင်ရွက်ရမည့် သုတေသနနှင့်ဖွံ့ဖြိုးမှု လုပ်ငန်းများကို သတ်မှတ်ရွေးချယ်ပြဋ္ဌာန်းခြင်း၊

( စ ) ပြန်ပြည့်မြဲစွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိကနှင့်အများပြည်သူတို့ပါဝင်သော အသင်းအဖွဲ့များအကြား ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဆ) ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်၍ နည်းပညာနှင့်တီထွင်ဆန်းသစ်မှုဆိုင်ရာ အကူအညီများရရှိနိုင်ရန် ဆောင်ရွက်ပေးခြင်း၊

( ဇ ) ပြန်ပြည့်မြဲစွမ်းအင်အရင်းအမြစ်များ အသုံးပြုခြင်း၊ထုတ်လုပ်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် မရှိမဖြစ် လိုအပ်သော ပစ္စည်းများ၊ စက်ပစ္စည်းများနှင့် ကိရိယာများတင်သွင်းခြင်းအတွက် အခွန် ဆိုင်ရာ ကင်းလွတ်ခွင့်များနှင့် အခြားသက်သာခွင့်များ ရရှိနိုင်ရန် ဆောင်ရွက်ပေးခြင်း၊

(ဈ) ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာဗဟုသုတများ တိုးမြှင့်လာစေရေးအသိပညာပေးလုပ်ငန်းများအား ကျယ်ကျယ် ပြန့်ပြန့် ဆောင်ရွက်လာနိုင်စေရန်နှင့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာ အကြောင်းအရာများအား ကျောင်းသင်ခန်းစာ သင်ရိုးညွှန်းတမ်းများတွင် ထည့်သွင်းနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ည) ပြည်တွင်းရှိပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာ သုတေသနလုပ်ငန်းများနှင့် စွန့်ဦးတီထွင်လုပ်ငန်းများအား ထောက်ပံ့ကူညီရေးအစီအမံများ ရေးဆွဲဆောင်ရွက်ခြင်း၊

( ဋ ) ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာ သတင်းအချက်အလက်များ ကောက်ယူခြင်း၊ စုစည်းထိန်းသိမ်းခြင်း၊ သရုပ်ခွဲလေ့လာခြင်းနှင့် အချက်အလက်မျှဝေခြင်းများ ထိရောက်စွာဆောင်ရွက်နိုင်သည့် လုပ်ငန်းစဉ် တစ်ရပ် ပေါ်ပေါက်လာစေရန် ဆောင်ရွက်ခြင်း၊

( ဌ ) ပြည်တွင်းပြည်ပမှ အလှူငွေ၊ ထောက်ပံ့ငွေ၊ ပစ္စည်းများနှင့် နည်းပညာဆိုင်ရာအကူအညီများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီ၏ ခွင့်ပြုချက်ဖြင့် လက်ခံရယူခြင်း၊ အထောက်အပံ့များအား ထိရောက်စွာ အသုံးချနိုင်ရန် စီမံခန့်ခွဲပေးခြင်း၊

( ဍ ) ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာ စီမံကိန်းများကြောင့် အများပြည်သူ၏ လူမှုစီးပွားရေးနှင့် သဘာဝ ပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုကို လေ့လာဆန်းစစ်ခြင်း၊

( ဎ ) ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို အများပြည်သူသိရှိနိုင်အောင် သတင်းထုတ်ပြန်ခြင်း။

၃။ အမျိုးသားအဆင့်ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာကော်မတီ၏ လုပ်ငန်းများကို အထောက်အကူပြုနိုင်ရန် လိုအပ်သော လုပ်ငန်းအဖွဲ့များကို ကော်မတီအနေဖြင့် ဖွဲ့စည်းဆောင်ရွက်သွားရန်ဖြစ်သည်။

၄။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၄/၂၀၁၉ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

(ပုံ) အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

## အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၂၁)

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်)

### ဆောက်လုပ်ရေးလုပ်ငန်းစိစစ်ညှိနှိုင်းရေးအဖွဲ့ (ငွေလုံးငွေရင်း) ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ယူဆောက်လုပ်ရမည့် လုပ်ငန်းများနှင့်ပတ်သက်သည့် ကိစ္စရပ်များ၊ နိုင်ငံခြားချေးငွေ၊ထောက်ပံ့ငွေများဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းစီမံကိန်းများနှင့် ပတ်သက်သည့် ကိစ္စရပ်များ၊ ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်းနှင့် ရန်ပုံငွေထပ်မံတောင်းခံခြင်းကိစ္စရပ်များအား ငွေလုံးငွေရင်း ဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ပေးနိုင်ရေးအတွက် **ဆောက်လုပ်ရေးလုပ်ငန်းစိစစ်ညှိနှိုင်းရေးအဖွဲ့ (ငွေလုံးငွေရင်း)** ကို အောက်ပါပုဂ္ဂိုလ်များဖြင့်ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | အမြဲတမ်းအတွင်းဝန်<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | အမြဲတမ်းအတွင်းဝန်<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | အမြဲတမ်းအတွင်းဝန်<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>အဆောက်အဦဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဋ) | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းနှင့် စာရင်းအင်းဌာနခွဲ<br>ပြည်ထောင်စုဝန်ကြီးရုံး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ ဆောက်လုပ်ရေးလုပ်ငန်းစိစစ်ညှိနှိုင်းရေးအဖွဲ့ (ငွေလုံးငွေရင်း) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ဘဏ္ဍာရေးနှစ်အတွင်း ဝန်ကြီးဌာနအလိုက် တာဝန်ယူဆောက်လုပ်ရမည့်လုပ်ငန်းများဆောင်ရွက်နိုင်မှုအခြေအနေအရ ငွေလုံးငွေရင်းအသုံးစရိတ်များ ပြုပြင်လျာထားရန်နှင့်နောင်နှစ်လိုအပ်သည့် ရန်ပုံငွေများကို ကြိုတင်ညှိနှိုင်းရန်၊

(ခ) ဘဏ္ဍာရေးနှစ်အတွင်း ဆောက်လုပ်မည့်လုပ်ငန်းများအတွက် လိုအပ်သည့်ပစ္စည်းရရှိနိုင်မှုနှင့် စက်၊ ယန္တရားများသုံးစွဲနိုင်မှုအရ လုပ်ငန်းများကို ဦးစားပေးအစီအစဉ်များ ချမှတ်ပေးရန်၊

(ဂ) နိုင်ငံခြားချေးငွေ၊ ထောက်ပံ့ငွေများဖြင့် လုပ်ငန်းစီမံကိန်းတစ်ရပ်ကို အဖွဲ့အစည်းတစ်ခုထက်ပို၍ ပူးပေါင်းဆောင်ရွက်ရသည့်ကိစ္စရပ်များတွင် တစ်စုတစ်စည်းတည်းသက်ဆိုင်ရာအဖွဲ့အစည်းများကို ခေါ်ယူညှိနှိုင်းဆောင်ရွက်ရန်၊

(ဃ) ဘဏ္ဍာရေးနှစ်အတွင်း ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်းနှင့် ထပ်မံတောင်းခံခြင်း၊ နေရာဒေသပြောင်းလဲခြင်း၊ ပုံစံပြောင်းလဲခြင်းများပြုလုပ်ရန် သက်ဆိုင်ရာအဖွဲ့အစည်းများမှတင်ပြလာသည့်အခါ စိစစ်ဆောင်ရွက်ပေးရန်။

၃။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ်၊ မေလ ၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၆/ ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၀/၂၀၁၇ တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

(ပုံ) အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်)

**ရန်ကုန်မိုးပျံအမြန်လမ်းနှင့် ရန်ကုန်မြို့တော်အပြင်ပတ်လမ်းစီမံကိန်းဦးဆောင်ကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ စက်မှုဇုန်များအကြား ချိတ်ဆက်မှုကောင်းစေရန် ပင်လယ်ကူးသင်္ဘောဆိပ်ကမ်းများ၊ Dry Ports များ၊ အခြေပြုမြို့သစ်များနှင့် သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများ (Logistic Routes) အဆင်ပြေချောမွေ့လာစေရန်နှင့် နိုင်ငံ၏စီးပွားရေးစင်္ကြံလမ်းမကြီးတစ်ခုအဖြစ် ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ ရန်ကုန်မိုးပျံအမြန်လမ်းနှင့် ရန်ကုန်မြို့တော် အပြင်ပတ်လမ်း တည်ဆောက်ရန်အတွက် **ရန်ကုန်မိုးပျံအမြန်လမ်းနှင့် ရန်ကုန်မြို့တော် အပြင်ပတ်လမ်း စီမံကိန်းဦးဆောင်ကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

(က) ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌ
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ခ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

(ဂ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဃ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

(င) ဥက္ကဋ္ဌ အဖွဲ့ဝင်
ရန်ကုန်တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ

(စ) ဒုတိယဝန်ကြီး အတွင်းရေးမှူး
ဆောက်လုပ်ရေးဝန်ကြီးဌာန

၂။ ရန်ကုန်မိုးပျံအမြန်လမ်းနှင့် ရန်ကုန်မြို့တော်အပြင်ပတ်လမ်းစီမံကိန်း ဦးဆောင်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ရန်ကုန်မိုးပျံအမြန်လမ်းနှင့် ရန်ကုန်မြို့တော် အပြင်ပတ်လမ်းတို့ ဆက်စပ်ပြီး လူမှုရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အကျိုးရှိထိရောက်စေမည့် အမြန်လမ်းများ၏ လမ်းအူကြောင်းများ (Alignments) ကို ရှာဖွေဖော်ထုတ်ခြင်း၊

(ခ) စီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်နှင့်အညီ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ဦးစီးဆောင်ရွက်ခြင်း၊

(ဂ) ရန်ကုန်မိုးပျံအမြန်လမ်းနှင့် ရန်ကုန်မြို့တော် အပြင်ပတ်လမ်းတစ်လျှောက်တွင် ပေါ်ထွက်လာမည့် စက်မှုဇုန်များ၊ Logistic Hubs၊ Dry Ports၊ ဆိပ်ကမ်းများနှင့် အခြေပြုမြို့သစ်များ (Satellite Towns) ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီတို့အကြား ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) ရန်ကုန်မိုးပျံအမြန်လမ်းနှင့် ရန်ကုန်မြို့တော်အပြင်ပတ်လမ်း ရင်းနှီးမြှုပ်နှံမှုများအား ဘတ်ဂျက်အသုံးပြုမှုအနည်းဆုံးကို အခြေပြု၍ ppp စနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(င) ppp စနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ယခင်နိုင်ငံတော်သမ္မတရုံးက ထုတ်ပြန်ထားသော တင်ဒါလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခြင်း၊

(စ) ဦးဆောင်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို စီးပွားရေးရာကော်မတီမှ တစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီသို့တင်ပြခြင်း၊

(ဆ) နိုင်ငံတော်၏ ဘတ်ဂျက်သုံးစွဲရမည့်ကိစ္စရပ်အပါအဝင် အရေးကြီးသည့် ကိစ္စရပ်များကို ဆုံးဖြတ်ဆောင်ရွက်ရမည့်အချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီ၏ အတည်ပြုချက် ရယူဆောင်ရွက်ခြင်း။

၃။ ဦးဆောင်ကော်မတီသည် စီမံကိန်းများအတွက် လိုအပ်သော လုပ်ငန်းကော်မတီများနှင့် ဆပ်ကော်မတီများကို ဖွဲ့စည်းဆောင်ရွက်သွားရန် ဖြစ်ပါသည်။

၄။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၇/၂၀၁၈ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

(ပုံ) အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်)

**ပြည်သူ့အငှားအိမ်ရာတည်ဆောက်ရေးဦးစီးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ နိုင်ငံ့ဝန်ထမ်းများ၊ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ၊ ဝင်ငွေနည်းပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်နိုင်ရေးအတွက် နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး တို့တွင်ရေရှည်အစီအစဉ်ဖြင့် အငှားအိမ်ရာများဆောက်လုပ်ပေးနိုင်ရန် **ပြည်သူ့အငှားအိမ်ရာတည်ဆောက်ရေး ဦးစီးကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | အဖွဲ့ဝင်<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (ဃ) | အဖွဲ့ဝင်<br>မန္တလေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (င) | အဖွဲ့ဝင်<br>ရန်ကုန်တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (စ) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | အမြဲတမ်းအတွင်းဝန်<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းချုပ် | အဖွဲ့ဝင် |
| (ဋ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံလိုင်စင်ရကန်ထရိုက်တာများအသင်း | အဖွဲ့ဝင် |

(ဌ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာမြို့ပြနှင့်အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းရှင်များအသင်း

(ဍ) ဒုတိယဝန်ကြီး — အတွင်းရေးမှူး
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဎ) ညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

၂။ ပြည်သူ့အငှားအိမ်ရာတည်ဆောက်ရေးဦးစီးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် ပြည်သူ့အငှားအိမ်ရာများဆောက်လုပ်ရန် မြေနေရာ ရရှိရေးနှင့် မြေနေရာအားအတည်ပြုရွေးချယ်ရန်၊

(ခ) ပြည်သူ့အငှားအိမ်ရာတည်ဆောက်ရန် သင့်လျော်သော လယ်ယာမြေများ၊ သစ်တောမြေများအားစိစစ်၍ စီးပွားရေးရာကော်မတီနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးသို့ တင်ပြအတည်ပြုချက်ရယူပြီး အိမ်ရာစီမံကိန်းများဆောင်ရွက်ရန်၊

(ဂ) အငှားအိမ်ရာများဆောက်လုပ်ရန်အတွက် ငွေကြေးအရင်းအနှီးရရှိရေး ပေါင်းစပ်ညှိနှိုင်းစီစဉ် ဆောင်ရွက်ပေးရန်၊

(ဃ) ဆောက်လုပ်မည့်အိမ်ရာပုံစံများ၊ စီမံကိန်းပုံစံများ အတည်ပြုပေးရန်၊

(င) အိမ်ရာများတွင် ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား အငှားချထားနိုင်ရေး မူဝါဒချမှတ်ပေးရန်၊

(စ) မြေနေရာရရှိရေး၊ ငွေကြေးအရင်းအနှီးရရှိရေး Infrastructure များဖြစ်သည့် လမ်း၊ ရေ၊ မီးသွယ်တန်းမှုများ အဆင်ပြေစေရန် ဆက်စပ်ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရန်၊ စီးပွားရေးရာ ကော်မတီနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေး ကော်မတီသို့တင်ပြရန်ရှိသည့် ကိစ္စရပ်များ တင်ပြဆောင်ရွက်သွားရန်၊

(ဆ) လိုအပ်သည့်လုပ်ငန်းကော်မတီများကို သက်ဆိုင်ရာဌာနများ ပါဝင်ဖွဲ့စည်းဆောင်ရွက်သွားရန်။

၃။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၉၃/၂၀၂၀ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

(ပုံ) အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်)

**KMIC စက်မှုဇုန်ထူထောင်ရေး ဦးဆောင်ညှိနှိုင်းမှုကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ ကိုရီးယား-မြန်မာစက်မှုမြို့ KMIC Industrial Complex အား ဒေသတွင်း ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် နိုင်ငံတကာအဆင့်မီ စက်မှုမြို့တစ်ခု ဖြစ်လာစေရေးအတွက် ရင်းနှီးမြှုပ်နှံသူများ၏ လုပ်ငန်းများ ချောမွေ့စွာ လည်ပတ်စေနိုင်ရန်နှင့် ကောင်းမွန်သော အခြေခံအဆောက်အအုံ၊ ပြည့်စုံသော Facilitation Service ဝန်ဆောင်မှုများဖြင့် ထိရောက်မြန်ဆန်စွာ ဆောင်ရွက်ပေးနိုင်ရန် KMIC **စက်မှုဇုန်ထူထောင်ရေးဦးဆောင်ညှိနှိုင်းမှုကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | အဖွဲ့ဝင်<br>ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (ဃ) | အမြဲတမ်းအတွင်းဝန်<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>အကောက်ခွန်ဦးစီးဌာန<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |

(ည) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ဋ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဌ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

(ဍ) ဒုတိယညွှန်ကြားရေးမှူးချုပ် (၁) — အဖွဲ့ဝင်
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(ဎ) ဒုတိယဝန်ကြီး — အတွင်းရေးမှူး
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဏ) ညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

၂။ KMIC စက်မှုဇုန်ထူထောင်ရေးဦးဆောင်ညှိနှိုင်းမှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) မြန်မာ–ကိုရီးယားဖက်စပ်ထူထောင်သည့် KMIC စီမံကိန်းအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဦးစီးဆောင်ရွက်ရန်နှင့် ရင်းနှီးမြှုပ်နှံမှုများအတွက် လိုအပ်သော ခွင့်ပြုချက်များကို သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့်ညှိနှိုင်း၍ လုပ်ငန်းများ ချောမွေ့စေရေး စီမံဆောင်ရွက်ပေးရန်၊

(ခ) KMIC ဇုန်အတွက် လိုအပ်သော အခြေခံအဆောက်အအုံ (လမ်း၊ ရေပေးရေး၊ လျှပ်စစ်မီး၊ ဆက်သွယ်ရေး) စသည့် ဖြန့်ဖြူးရေးလုပ်ငန်းများ ပြည့်စုံကောင်းမွန်စွာ လည်ပတ်စေရေး စီမံကွပ်ကဲဆောင်ရွက်ပေးရန်၊

(ဂ) အလုပ်အကိုင်အခွင့်အလမ်းများ တိုးမြှင့်စေမည့် သွင်းကုန်အစားထိုးရေးနှင့် ပို့ကုန်တိုးမြှင့်ရေး စက်မှုလုပ်ငန်းများ၊ ပြည်တွင်း/ပြည်ပရင်းနှီးမြှုပ်နှံမှုများကို အားပေးဆောင်ရွက်ရန်၊

(ဃ) KMIC ဇုန်တွင် Bonded Area သတ်မှတ်၍ သွင်းကုန်၊ ပို့ကုန်နှင့် အကောက်ခွန်လုပ်ငန်းများ စနစ်တကျရှိစေရေး ဆောင်ရွက်ရန်၊

(င) KMIC ဇုန်တွင် လာရောက်နေထိုင်သော နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများ၊ ကျွမ်းကျင်အလုပ်သမားများနှင့် ပညာရှင်များ၊ ၎င်းတို့၏မိသားစုဝင်များနေထိုင်ခွင့်ရရှိရေးနှင့် ပြည်တွင်းခရီးသွားလာရေးတို့အတွက် လိုအပ်သည်များကို အဆင်ပြေချောမွေ့မှုရှိစေရေး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန်၊

(စ) KMIC ဇုန်တွင် ကျူးကျော်ခြင်း၊ ခွင့်ပြုချက်မရဘဲ အဆောက်အဦ ဆောက်လုပ်ခြင်း၊ လမ်းဖောက်ခြင်းများကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ညှိနှိုင်း၍ အရေးယူ ဆောင်ရွက်ရန်၊

(ဆ) ရင်းနှီးမြှုပ်နှံမှုနှင့် ရင်းနှီးတည်ဆောက်မှုဆိုင်ရာ စီမံကိန်းများ အကောင်အထည်ဖော်ရေး၊ မြေအသုံးပြုရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ပညာရေး၊ ကျန်းမာရေး၊ ငွေရေး ကြေးရေး၊ အခွန်အခ၊ စည်ပင်သာယာရေး၊ သယ်ယူပို့ဆောင်ရေး၊ လုံခြုံရေးနှင့် မီးဘေး လုံခြုံရေးစသည့် KMIC ဇုန်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို လမ်းညွှန်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းစီစဉ် ဆောင်ရွက်ပေးရန်။

၃။ ကော်မတီသည် လိုအပ်သည့် လုပ်ငန်းကော်မတီများကို ဖွဲ့စည်းဆောင်ရွက်သွားရန် ဖြစ်သည်။

၄။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၀၆/၂၀၂၀ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

(ပုံ) အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၃/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၅ ရက်
(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်)

**တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးက ဆောင်ရွက်သည့် တည်ဆောက်ရေးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏ ဦးတည်ချက်များနှင့်အညီ ဦးစားပေးကဏ္ဍအလိုက် အတည်ပြုခြင်း၊ ဆိုင်းငံ့ခြင်း၊ ပယ်ဖျက်ခြင်းနှင့် ပြင်ဆင်အတည်ပြုခြင်းစသည့် စိစစ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် **တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | အမြဲတမ်းအတွင်းဝန်<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | အမြဲတမ်းအတွင်းဝန်<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဆ) အမြဲတမ်းအတွင်းဝန် ပညာရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဇ) အမြဲတမ်းအတွင်းဝန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန — အဖွဲ့ဝင်

(ဈ) အမြဲတမ်းအတွင်းဝန် ဆောက်လုပ်ရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ည) ညွှန်ကြားရေးမှူးချုပ် အဆောက်အဦဦးစီးဌာန ဆောက်လုပ်ရေးဝန်ကြီးဌာန — အတွင်းရေးမှူး

၂။ တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဆောင်ရွက်လိုသည့် တည်ဆောက်ရေးလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုကိုရရှိမည့် အကျိုးသက်ရောက်မှုဖြင့် နှိုင်းယှဉ်လေ့လာစိစစ်သွားရန်၊

(ခ) ဝန်ကြီးဌာနအဖွဲ့အစည်းများ၏ တည်ဆောက်ရေးလုပ်ငန်းများကို တည်ဆဲစည်းမျဉ်း၊ ညွှန်ကြားချက်များနှင့်အညီ စိစစ်ရန်၊

(ဂ) တည်ဆောက်ရေးလုပ်ငန်းများ၏ နည်းစနစ်၊ လုပ်ငန်းအစီအစဉ်နှင့် တိုးတက်မှုအခြေအနေများကို သုံးသပ်ရန်၊

(ဃ) တည်ဆောက်ရေးလုပ်ငန်းများအတွက် ဦးစားပေးအဆင့်အတည်ပြု သတ်မှတ်ပေးရန်၊

(င) ဝန်ကြီးဌာနများက ဆောင်ရွက်ရန်တင်ပြသော တည်ဆောက်ရေးလုပ်ငန်းများကို နည်းပညာနှင့် ဒီဇိုင်းများခေတ်မီ၍ စံချိန်စံညွှန်းပြည့်မီစွာ ဆောက်လုပ်နိုင်ရေးနှင့် အကုန်အကျသက်သာစေရေး စိစစ်ပေးရန်၊

(စ) တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အဆိုပြုတင်ပြသည့် နေရာများကို စိစစ်ရန်၊

(ဆ) မြေနှင့် အဆောက်အဦများကို တည်ဆောက်ရေးလုပ်ငန်းများအတွက် နိုင်ငံတော်က သိမ်းဆည်းရန် လိုအပ်ပါက ဥပဒေစည်းမျဉ်းများနှင့်အညီ ဆောင်ရွက်ရန်၊

(ဇ) ဌာနဆိုင်ရာများမှ အဆောက်အဦများအား ကန်ထရိုက်စနစ်ဖြင့် တည်ဆောက်ရာတွင် သုံးစွဲသည့် ပစ္စည်းအရည်အသွေးနှင့် ဈေးနှုန်းများ မှန်ကန်မှု ရှိ မရှိ စိစစ်ရန်၊

(ဈ) ဆောင်ရွက်လိုသည့် တည်ဆောက်ရေးလုပ်ငန်းများ နေရာဒေသ၊ ပတ်ဝန်းကျင်အခြေအနေနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ပေးရန်၊

(ည) ဝန်ကြီးဌာနအသီးသီးက တင်ပြလာသော တည်ဆောက်ရေးလုပ်ငန်းကိစ္စနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏ ဦးတည်ချက်များနှင့်အညီ ဦးစားပေးကဏ္ဍအလိုက် အတည်ပြုခြင်း၊ ဆိုင်းငံ့ခြင်း၊ ပယ်ဖျက်ခြင်းနှင့် ပြင်ဆင်အတည်ပြုခြင်းစသည်တို့အား ဆောင်ရွက်ရာတွင် "မူ" အားဖြင့် ဆုံးဖြတ်ခွင့်ပြုပေးနိုင်ခြင်း မရှိသည့် လုပ်ငန်းကိစ္စရပ်များ ပေါ်ပေါက်လာပါက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံ တင်ပြလမ်းညွှန်မှုခံယူရန်၊

(ဎ) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်မှုနှင့်အညီ ဆောင်ရွက်၍ ဆောင်ရွက်ပြီးစီးမှု အခြေအနေအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးသို့ တင်ပြ အတည်ပြုချက် ရယူရန်၊

(ဏ) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ညွှန်ကြားသည့်လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်၊

(ဋ္ဌ) ကော်မတီသည် လိုအပ်သော လုပ်ငန်းလမ်းညွှန်ချက်များကို ထုတ်ပြန်ဆောင်ရွက်သွားရန်။

၃။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ်၊ မေလ ၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၉/ ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်၊ ဖွန်လ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၁/၂၀၁၇ တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

(ပုံ) အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

## အမိန့်ကြော်ငြာစာအမှတ် (၁၄/၂၀၂၁)

၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်
(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်)

### လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်ပါ လုပ်ငန်း အစီအစဉ်များနှင့် တိုးချဲ့ဆောင်ရွက်ရန်ရှိသော လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများအား ပိုမိုထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် **လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသား ကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဥက္ကဋ္ဌ<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ(၁) |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ(၂) |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဆ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

(ဇ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဈ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ပညာရေးဝန်ကြီးဌာန

(ည) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဋ) ဒုတိယစာရင်းစစ်ချုပ်/ အမြဲတမ်းအတွင်းဝန်
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

(ဌ) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

၂။ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ရေးဆွဲခဲ့ပြီးသော လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ မဟာဗျူဟာစီမံချက်အား ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံအတွင်း လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများအား လေ့လာဆန်းစစ်ခြင်း (Assessment) နှင့် ဌာနအသီးသီးတို့မှ ပူးပေါင်းအကောင်အထည်ဖော်နိုင်မည့် နည်းလမ်းများအား ချမှတ်ဆောင်ရွက်ရန်၊

(ခ) ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာနှင့် ပြည်တွင်းအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ လိုအပ်သောနည်းပညာနှင့် အရင်းအမြစ်များအား ရှာဖွေစုဆောင်းရန်၊

(ဂ) တိုင်းဒေသကြီး/ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ညှိနှိုင်း၍ ဒေသအဆင့် လူမှုကာကွယ်စောင့်ရှောက်ရေးအစီအစဉ်များအား ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(ဃ) လူမှုကာကွယ်စောင့်ရှောက်ရေးနှင့်ပတ်သက်၍ ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် လိုအပ်ချက်များအား ပြင်ဆင်ညှိနှိုင်းဆောင်ရွက်ရန်၊

(င) အန္တရာယ်ကျရောက်နိုင်သော အခြေအနေတွင်ရှိသည့် ကလေးသူငယ်များ၊ လူငယ်များနှင့် သက်ကြီးရွယ်အိုများစသည်ဖြင့် အသက်အရွယ်အပိုင်းအခြားအလိုက် လိုအပ်ချက်များအပေါ် အခြေခံသော လူမှုကာကွယ်စောင့်ရှောက်ရေးအစီအစဉ်များ ဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(စ) အမျိုးသမီးများ၊ မသန်စွမ်းသူများ၊ ဆင်းရဲနွမ်းပါးသူများနှင့် အခြားအန္တရာယ်ကျရောက်နိုင်သော အခြေအနေတွင်ရှိသူများအပါအဝင် အလွှာပေါင်းစုံ၊ ကဏ္ဍပေါင်းစုံ၏ လိုအပ်ချက်များအပေါ် အခြေခံသောစောင့်ရှောက်မှု၊ ပံ့ပိုးမှုစနစ်တစ်ရပ် ခိုင်ခိုင်မာမာ ပေါ်ပေါက်စေရေး ဆောင်ရွက်ရန်၊

(ဆ) နိုင်ငံသားအားလုံး၏ အခြေခံလိုအပ်ချက်ဖြစ်သည့် ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေး၊ ဝင်ငွေအာမခံချက်နှင့် အလုပ်အကိုင် အာမခံချက်ရရှိရေး ဦးတည်ဆောင်ရွက်ရန်၊

(ဓ) အလုံးစုံလွှမ်းခြုံနိုင်သော ကျန်းမာရေးအာမခံစနစ်၊ စိုက်ပျိုးရေးအာမခံစနစ် အပါအဝင် အာမခံစနစ်များ ထူထောင်ခြင်းဖြင့် အလုပ်သမား၊ လယ်သမားတို့၏ အခွင့်အရေးများကို မြှင့်တင်ရန်၊

(ဈ) ဘေးအန္တရာယ်တစ်ခုခုကြောင့် ဖြစ်ပေါ်လာသော ထိခိုက်ခံစားရသူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊

(ည) လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စောင့်ကြည့်ကြီးကြပ်ခြင်း (Monitoring) နှင့် အကဲဖြတ်သုံးသပ်ခြင်း (Evaluation) များ ဆောင်ရွက်ရန်၊

(ဋ) အမျိုးသားကော်မတီသည် လိုအပ်ပါက လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများဖွဲ့စည်း၍ အသေးစိတ်လုပ်ငန်းများ ဆောင်ရွက်မှုကို လမ်းညွှန်ရန်။

၃။ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီကို ပြင်ဆင်ဖွဲ့စည်းရန် လိုအပ်ပါက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ခွင့်ပြုချက်ဖြင့် ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၄။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၈ ခုနှစ်၊ မေလ ၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၉/၂၀၁၈ နှင့် ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာမှတ် ၇၄/၂၀၁၉ တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

(ပုံ) အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြည်ထဲရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၉၇/၂၀၂၁)**

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်
(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်စွဲပါ အမိန့်အမှတ် (၂၀/၂၀၂၁) အရ ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာနတွင် ခေတ္တညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်နေသော အကျဉ်းဦးစီးဌာနမှ က ၄၅၀၈ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်း အား စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်းကျပ် (၅၅၀,၀၀၀) ရာထူးအဆင့်သို့ အစမ်းတိုးမြှင့်ခန့်ထားပြီး အကျဉ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးအပ်လိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# ပြန်ကြားရေးဝန်ကြီးဌာန

## အမိန့်အမှတ် (၁/၂၀၂၁)

၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၈ ရက်)

## ထုတ်ဝေခြင်းလုပ်ငန်း ပိတ်သိမ်းခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ နှင့် ၄၂၀ တို့အရ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအား အခွင့်အာဏာကို လွှဲအပ်ကျင့်သုံးခွင့် အပ်နှင်းခဲ့ပါသည်။

၂။ သို့ပါ၍ ပြန်ကြားရေးဝန်ကြီးဌာနသည် ယခင်က ထုတ်ဝေခွင့်ပြုပေးခဲ့သော အောက်ပါသတင်းဌာနများ၏ ထုတ်ဝေခြင်းလုပ်ငန်းအသီးသီးကို ယနေ့ ၂၀၂၁ ခုနှစ်၊ မတ်လ ၈ ရက်နေ့မှစ၍ ပိတ်သိမ်းလိုက်ပါသည်။ ယင်းသတင်းဌာနများသည် မီဒီယာအမျိုးအစားတစ်ခုခုကို အသုံးပြု၍ဖြစ်စေ၊ နည်းပညာတစ်ရပ်ရပ်ကို အသုံးပြု၍ဖြစ်စေ ရေးသားထုတ်လွှင့်ဖော်ပြခြင်းမပြုရန် ကြေညာအပ်ပါသည်-

(က) မဇ္ဈိမ

(ခ) DVB

(ဂ) ခေတ်သစ်မီဒီယာ

(ဃ) Myanmar Now

(င) 7 Day

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁ / ၂၀၂၁)

၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၉ ရက်)

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးအပါအဝင် ဦးစီးဌာန/လုပ်ငန်းများမှ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်မည့် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်းများကို နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ နှင့်အညီ ဤဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၁၀/၂၀၂၀ ဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ယခုအခါ တည်ဆောက်ရေးလုပ်ငန်းများအတွက် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေ တောင်းခံခြင်းနှင့် တင်ဒါဆိုင်ရာစံထားသတ်မှတ်သည့် လုပ်ထုံးလုပ်နည်းဆိုင်ရာညွှန်ကြားချက်ကို နိုင်ငံတော်သမ္မတရုံး၏ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၈ ရက်စွဲပါ ညွှန်ကြားချက်အမှတ် ၇/၂၀၂၀ ဖြင့် ထုတ်ပြန်ထားပြီးဖြစ်ပါသဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်မည့် တည်ဆောက်ခြင်းလုပ်ငန်းများအတွက် တည်ဆောက်ရေးဗဟိုတင်ဒါကော်မတီများကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က) တည်ဆောက်ရေးတင်ဒါဗဟိုကော်မတီ

(၁) ဝန်ကြီးရုံး

(ကက) ဦးရဲတင့် — ဥက္ကဋ္ဌ
ဒုတိယဝန်ကြီး
ပြန်ကြားရေးဝန်ကြီးဌာန

| | | |
|---|---|---|
| (ခ ခ) | ဗိုလ်မှူးချုပ် ဇော်မင်းထွန်း<br>ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ ဂ) | ဦးရဲနိုင်<br>ညွှန်ကြားရေးမှူးချုပ်<br>မြန်မာ့အသံနှင့် ရုပ်မြင်သံကြား | အဖွဲ့ဝင် |
| (ဃဃ) | ဦးအေးကြွယ်<br>ညွှန်ကြားရေးမှူးချုပ်<br>ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င င) | ဦးဝင်းကျော်အောင်<br>ညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စ စ) | ဦးသက်ဆွေ<br>ဦးဆောင်ညွှန်ကြားရေးမှူး<br>သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း | အဖွဲ့ဝင် |
| (ဆဆ) | ဆောက်လုပ်ရေးဝန်ကြီးဌာန<br>(ညွှန်ကြားရေးမှူး အဆင့်ထက်မနိမ့်သော)<br>ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (ဇ ဇ) | ဦးကြည်မောင်<br>လက်ထောက်အတွင်းဝန်<br>စီမံကိန်းနှင့် စာရင်းအင်းဌာနခွဲ (ဝန်ကြီးရုံး) | အဖွဲ့ဝင် |
| (ဈဈ) | ဦးမျိုးမြင့်မောင်<br>အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

(၂) မြန်မာ့အသံနှင့် ရုပ်မြင်သံကြား

| | | |
|---|---|---|
| (ကက) | ဗိုလ်မှူးချုပ် ဇော်မင်းထွန်း<br>ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ ခ) | ဦးမျိုးမြင့်မောင်<br>အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ ဂ) | ဦးအေးကြွယ်<br>ညွှန်ကြားရေးမှူးချုပ်<br>ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃဃ) | ဦးဝင်းကျော်အောင်<br>ညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ငင) | ဦးသက်ဆွေ<br>ဦးဆောင်ညွှန်ကြားရေးမှူး<br>သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း | အဖွဲ့ဝင် |
| (စစ) | ဆောက်လုပ်ရေးဝန်ကြီးဌာနမှ<br>(ညွှန်ကြားရေးမှူး အဆင့်ထက်မနိမ့်သော)<br>ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (ဆဆ) | ဦးစောမြင့်ဇော်<br>ညွှန်ကြားရေးမှူး<br>မြန်မာ့အသံနှင့် ရုပ်မြင်သံကြား | အဖွဲ့ဝင် |
| (ဇဇ) | ဦးရဲနိုင်<br>ညွှန်ကြားရေးမှူးချုပ်<br>မြန်မာ့အသံနှင့် ရုပ်မြင်သံကြား | အတွင်းရေးမှူး |

(၃) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

| | | |
|---|---|---|
| (ကက) | ဦးရဲတင့်<br>ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခခ) | ဦးမျိုးမြင့်မောင်<br>အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂဂ) | ဦးရဲနိုင်<br>ညွှန်ကြားရေးမှူးချုပ်<br>မြန်မာ့အသံနှင့် ရုပ်မြင်သံကြား | အဖွဲ့ဝင် |
| (ဃဃ) | ဦးဝင်းကျော်အောင်<br>ညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ငင) | ဦးသက်ဆွေ<br>ဦးဆောင်ညွှန်ကြားရေးမှူး<br>သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း | အဖွဲ့ဝင် |
| (စစ) | ဆောက်လုပ်ရေးဝန်ကြီးဌာနမှ<br>(ညွှန်ကြားရေးမှူး အဆင့်ထက်မနိမ့်သော)<br>ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (ဆဆ) | ဦးကျော်ဇင်စိုး<br>ညွှန်ကြားရေးမှူး<br>ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဇဇ) | ဦးအေးကြွယ်<br>ညွှန်ကြားရေးမှူးချုပ်<br>ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အတွင်းရေးမှူး |

(၄) ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

| | | |
|---|---|---|
| (ကက) | ဦးရဲတင့်<br>ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခခ) | ဦးမျိုးမြင့်မောင်<br>အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂဂ) | ဦးရဲနိုင်<br>ညွှန်ကြားရေးမှူးချုပ်<br>မြန်မာ့အသံနှင့် ရုပ်မြင်သံကြား | အဖွဲ့ဝင် |
| (ဃဃ) | ဦးအေးကြွယ်<br>ညွှန်ကြားရေးမှူးချုပ်<br>ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ငင) | ဦးသက်ဆွေ<br>ဦးဆောင်ညွှန်ကြားရေးမှူး<br>သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း | အဖွဲ့ဝင် |
| (စစ) | ဆောက်လုပ်ရေးဝန်ကြီးဌာနမှ<br>(ညွှန်ကြားရေးမှူး အဆင့်ထက်မနိမ့်သော)<br>ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (ဆဆ) | ဦးမင်းကိုကို<br>ညွှန်ကြားရေးမှူး<br>ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဇဇ) | ဦးဝင်းကျော်အောင်<br>ညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန | အတွင်းရေးမှူး |

(၅) သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း

| | | |
|---|---|---|
| (ကက) | ဗိုလ်မှူးချုပ် ဇော်မင်းထွန်း<br>ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခခ) | ဦးမျိုးမြင့်မောင်<br>အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂဂ) | ဦးရဲနိုင်<br>ညွှန်ကြားရေးမှူးချုပ်<br>မြန်မာ့အသံနှင့် ရုပ်မြင်သံကြား | အဖွဲ့ဝင် |
| (ဃဃ) | ဦးအေးကြွယ်<br>ညွှန်ကြားရေးမှူးချုပ်<br>ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အဖွဲ့ဝင် |

(ငင) ဦးဝင်းကျော်အောင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

(စစ) ဆောက်လုပ်ရေးဝန်ကြီးဌာနမှ — အဖွဲ့ဝင်
(ညွှန်ကြားရေးမှူး အဆင့်ထက်မနိမ့်သော)
ကိုယ်စားလှယ်တစ်ဦး

(ဆဆ) ဦးလှရွှေ — အဖွဲ့ဝင်
စာတည်းမှူးချုပ်
သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း

(ဇဇ) ဦးသက်ဆွေ — အတွင်းရေးမှူး
ဦးဆောင်ညွှန်ကြားရေးမှူး
သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း

၃။ တည်ဆောက်ရေးတင်ဒါဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များကို အောက်ပါအတိုင်းသတ်မှတ်လိုက်သည်-

(က) ဆောင်ရွက်မည့် စီမံကိန်း/လုပ်ငန်း တည်ဆောက်ခြင်းအတွက် ရန်ပုံငွေ ခွင့်ပြုချက် ရှိ မရှိ စိစစ်ခြင်း၊ (သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်း ဥပဒေနှင့်ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေတွင် ပါဝင်ခြင်း ရှိ မရှိ စိစစ်ရမည်။)

(ခ) တည်ဆောက်ခြင်းအတွက် လိုအပ်သည့် တင်ဒါပုံစံများ၊ တင်ဒါအောင်မြင်ပါက ချုပ်ဆိုမည့် စာချုပ်ပုံစံများကို ကြိုတင်ရေးဆွဲသတ်မှတ်ခြင်း၊

(ဂ) တင်ဒါခေါ်ယူသည့် တည်ဆောက်ခြင်းလုပ်ငန်းအတွက် အရည်အသွေး စံချိန် စံညွှန်း သတ်မှတ်ခြင်းနှင့် အမှတ်ပေးပုံစံများ သတ်မှတ်ထုတ်ပြန်ရမည်။ စံချိန်စံညွှန်းနှင့် အမှတ်ပေးပုံစံများပြုစုရန် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ အကြံပြုချက်ကို ရယူနိုင်ခြင်း၊

(ဃ) အရည်အသွေးစံချိန်စံညွှန်းအပေါ် အမှတ်ပေးသတ်မှတ်ချက်များဖြင့် တင်ဒါရွေးချယ်ခြင်းကို လျှို့ဝှက်အဆင့်ထားရှိခြင်း၊

(င) တင်ဒါတွင်ပါဝင်မည့် အဆိုပြုစာချုပ်ပါအချက်များ၊ အကဲဖြတ်မှုစံချိန်စံညွှန်းများနှင့် ငွေရေးကြေးရေး အချက်အလက်များ (စာချုပ်ဆိုင်ရာ အချက်အလက်များ၊ ငွေပေးချေမှု အစီအစဉ်၊ အခွန်စသည်များ) သတ်မှတ်ခြင်း၊

(စ) လုပ်ငန်းအပ်နှံသည့်ဌာနထံမှ တည်ဆောက်ရေးဆိုင်ရာအချက်အလက်များ ရယူထားပြီး၊ လုပ်ငန်းအပ်နှံသူ၏ နှစ်စဉ်စီမံကိန်းများ (Annual Plan) တွင် ပါဝင်မှု ရှိ မရှိ စစ်ဆေးခြင်း၊

(ဆ) တင်ဒါတင်သွင်းရမည့်နေ့ရက်နှင့်နေရာ၊ တင်ဒါဖွင့်ဖောက်လက်ခံမည့် နေ့ရက်၊ နေရာနှင့် တင်ဒါအောင်မြင်သူစာရင်း ထုတ်ပြန်မည့်နေ့ရက် သတ်မှတ်ခြင်း၊

(ဇ) တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီနှင့် အရည်အသွေးထိန်းချုပ်စိစစ်ရေးနှင့် အပြီးသတ်လက်ခံရေးကော်မတီတို့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(ဈ) တင်ဒါမအောင်မြင်သူများအားလုံးကို တင်ဒါအာမခံကြေး (Tender Security) ပြန်လည်ထုတ်ပေးခြင်းနှင့် တင်ဒါအောင်မြင်သူထံမှ လုပ်ငန်းအာမခံကြေး (Performance Guarantee) တောင်းခံခြင်း၊

(ည) တင်ဒါအောင်မြင်သူကို ထုတ်ပြန်ကြေညာခြင်း၊

(ဋ) တင်ဒါအောင်မြင်သည့် ကုမ္ပဏီက စာချုပ်ပါသတ်မှတ်ကာလအတွင်း ဆောင်ရွက်နိုင်မှုမရှိခြင်း၊ ပျက်ကွက်ခြင်း သို့မဟုတ် နှောင့်နှေးခြင်း (Default of Delay) ဖြစ်ပေါ်ပါက စာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ အရေးယူခြင်း သို့မဟုတ် ပြန်လည်ညှိနှိုင်းဆွေးနွေးခြင်း (Renegotiation)၊

(ဌ) တည်ဆောက်ရေးကာလအတွင်း အရည်အသွေးထိန်းချုပ်စစ်ဆေးရေးနှင့် အပြီးသတ်လက်ခံရေး ကော်မတီက တင်ပြလာသည့်အစီရင်ခံစာများကို စိစစ်ပြီး လိုအပ်ချက်များကို ညှိနှိုင်းပေးခြင်း၊ လမ်းညွှန်မှုပြုခြင်း၊

(ဍ) စီမံကိန်းလုပ်ငန်းတစ်ခုလုံး သတ်မှတ်ကာလအတွင်း ပြီးမြောက်ရေးအတွက် တာဝန်ယူခြင်း။

၄။ ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးအပါအဝင် ဦးစီးဌာန/လုပ်ငန်းများ၏ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်မည့် တည်ဆောက်ခြင်းလုပ်ငန်းများအတွက် တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီများကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

(က) တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ

(၁) ဝန်ကြီးရုံး

(ကက) ဦးမြင့်ကျော် — ဥက္ကဋ္ဌ
ဒုတိယအမြဲတမ်းအတွင်းဝန်
ဝန်ကြီးရုံး

(ခခ) ဒေါ်ခင်ချိုချို — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
မြန်မာ့အသံနှင့် ရုပ်မြင်သံကြား

(ဂဂ) ဦးမျိုးဇော် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(ဃဃ) ဦးငွေးလှိုင် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

(ငင) ဦးကျော်ဇင်စိုး — အတွင်းရေးမှူး
ညွှန်ကြားရေးမှူး
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(၂) မြန်မာ့အသံနှင့် ရုပ်မြင်သံကြား

(ကက) ဦးမျိုးမြင့်အောင် — ဥက္ကဋ္ဌ
ဒုတိယညွှန်ကြားရေးမှူးချုပ်
မြန်မာ့အသံနှင့် ရုပ်မြင်သံကြား

(ခခ) ဦးငွေးလှိုင် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

| | | |
|---|---|---|
| (ဂဂ) | ဦးသူရကျော်<br>လက်ထောက်ညွှန်ကြားရေးမှူး<br>ဝန်ကြီးရုံး | အဖွဲ့ဝင် |
| (ဃဃ) | ဒေါ်အေးအေးမြင့်<br>မန်နေဂျာ<br>သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း | အဖွဲ့ဝင် |
| (ငင) | ဦးကျော်ဇင်စိုး<br>ညွှန်ကြားရေးမှူး<br>ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အတွင်းရေးမှူး |

(၃) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

| | | |
|---|---|---|
| (ကက) | ဒေါက်တာသီတာတင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (ခခ) | ဦးအောင်ညီရ<br>လက်ထောက်ညွှန်ကြားရေးမှူး<br>ဝန်ကြီးရုံး | အဖွဲ့ဝင် |
| (ဂဂ) | ဦးရဲနိုင်<br>လက်ထောက်ညွှန်ကြားရေးမှူး<br>ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃဃ) | ဒေါ်အေးအေးမြင့်<br>မန်နေဂျာ<br>သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း | အဖွဲ့ဝင် |
| (ငင) | ဦးမင်းကိုကို<br>ညွှန်ကြားရေးမှူး<br>ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန | အတွင်းရေးမှူး |

(၄) ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

| | | |
|---|---|---|
| (ကက) | ဦးကိုကိုနိုင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (ခခ) | ဒေါ်ငယ်ငယ်ထွန်း<br>လက်ထောက်ညွှန်ကြားရေးမှူး<br>ဝန်ကြီးရုံး | အဖွဲ့ဝင် |
| (ဂဂ) | ဦးကျော်ခိုင်ဦး<br>လက်ထောက်ညွှန်ကြားရေးမှူး<br>ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃဃ) | ဒေါ်အေးအေးမြင့်<br>မန်နေဂျာ<br>သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း | အဖွဲ့ဝင် |

(ငင) ဦးအောင်မျိုးသန့် — အတွင်းရေးမှူး
ညွှန်ကြားရေးမှူး
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(၅) သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း

(ကက) ဦးမြင့်ဝေ — ဥက္ကဋ္ဌ
ခေတ္တအထွေထွေမန်နေဂျာ
သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း

(ခခ) ဦးကျော်ကျော်ထွန်း — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
မြန်မာ့အသံနှင့် ရုပ်မြင်သံကြား

(ဂဂ) ဦးကျော်ခိုင်ဦး — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(ဃဃ) ဒေါ်သင်းသင်းမာ — အဖွဲ့ဝင်
ဦးစီးအရာရှိ
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

(ငင) ဦးကျော်ဇင်စိုး — အတွင်းရေးမှူး
ညွှန်ကြားရေးမှူး
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

၅။ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များကို အောက်ပါအတိုင်း သတ်မှတ်လိုက်သည်-

(က) တင်ဒါလက်ခံခြင်းနှင့်ဖွင့်ဖောက်ခြင်း

(ခ) နည်းပညာနှင့် ဒေသန္တရဈေးနှုန်းစိစစ်ခြင်း

(ဂ) တင်ဒါများကို စိစစ်အကဲဖြတ်ခြင်း

(ဃ) တင်ဒါကော်မတီသို့ တင်ပြရန်အကဲဖြတ်မှု အစီရင်ခံစာကို အကြံပြုချက်များနှင့်အတူ ပြင်ဆင်ခြင်း။

၆။ ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးအပါအဝင် ဦးစီးဌာန/လုပ်ငန်းများ၏ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်မည့် တည်ဆောက်ခြင်းလုပ်ငန်းများအတွက် အရည်အသွေးထိန်းချုပ်စိစစ်ရေးနှင့်အပြီးသတ်လက်ခံရေးကော်မတီများကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

(က) အရည်အသွေးထိန်းချုပ်စိစစ်ရေးနှင့်အပြီးသတ်လက်ခံရေးကော်မတီ

(၁) ဝန်ကြီးရုံး

(ကက) ဦးကိုကိုနိုင် — ဥက္ကဋ္ဌ
ဒုတိယညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

(ခခ) ဆောက်လုပ်ရေးဝန်ကြီးဌာနလက်အောက်ရှိ — ဒုတိယဥက္ကဋ္ဌ
ဌာနတစ်ခုခု၏ ဒုတိယညွှန်ကြားရေးမှူးချုပ်
သို့မဟုတ် ညွှန်ကြားရေးမှူး

| | | |
|---|---|---|
| (ဂဂ) | ဒေါ်အေးသင်းရီ<br>လက်ထောက်ညွှန်ကြားရေးမှူး<br>မြန်မာ့အသံနှင့် ရုပ်မြင်သံကြား | အဖွဲ့ဝင် |
| (ဃဃ) | ဦးနိုင်ဝင်း<br>မန်နေဂျာ<br>သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း | အဖွဲ့ဝင် |
| (ငင) | ဦးဆန်းမြင့်<br>ဦးစီးအရာရှိ<br>ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စစ) | ဦးမျိုးဝင်း<br>လက်ထောက်အတွင်းဝန်<br>ဝန်ကြီးရုံး | အတွင်းရေးမှူး |

(၂) မြန်မာ့အသံနှင့် ရုပ်မြင်သံကြား

| | | |
|---|---|---|
| (ကက) | ဦးမြင့်ဝေ<br>ခေတ္တအထွေထွေမန်နေဂျာ<br>သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း | ဥက္ကဋ္ဌ |
| (ခခ) | ဆောက်လုပ်ရေးဝန်ကြီးဌာနလက်အောက်ရှိ<br>ဌာနတစ်ခုခု၏ ဒုတိယညွှန်ကြားရေးမှူးချုပ်<br>သို့မဟုတ် ညွှန်ကြားရေးမှူး | ဒုတိယဥက္ကဋ္ဌ |
| (ဂဂ) | ဒေါ်အိအိစိုး<br>ဒုတိယညွှန်ကြားရေးမှူး<br>ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃဃ) | ဦးကျော်ဇေယျ<br>လက်ထောက်ညွှန်ကြားရေးမှူး<br>ဝန်ကြီးရုံး | အဖွဲ့ဝင် |
| (ငင) | ဦးကျော်ခိုင်ဦး<br>လက်ထောက်ညွှန်ကြားရေးမှူး<br>ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စစ) | ဦးစောမြင့်ဇော်<br>ညွှန်ကြားရေးမှူး<br>မြန်မာ့အသံနှင့် ရုပ်မြင်သံကြား | အတွင်းရေးမှူး |

(၃) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

| | | |
|---|---|---|
| (ကက) | ဦးကိုကိုနိုင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (ခခ) | ဆောက်လုပ်ရေးဝန်ကြီးဌာနလက်အောက်ရှိ<br>ဌာနတစ်ခုခု၏ ဒုတိယညွှန်ကြားရေးမှူးချုပ်<br>သို့မဟုတ် ညွှန်ကြားရေးမှူး | ဒုတိယဥက္ကဋ္ဌ |

(ဂဂ) ဦးကျော်မျိုးဦး — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
ဝန်ကြီးရုံး

(ဃဃ) ဒေါ်အေးသင်းရီ — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
မြန်မာ့အသံနှင့် ရုပ်မြင်သံကြား

(ငင) ဦးနိုင်ဝင်း — အဖွဲ့ဝင်
မန်နေဂျာ
သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း

(စစ) ဦးကျော်ဆင့် — အတွင်းရေးမှူး
ညွှန်ကြားရေးမှူး
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(၄) ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

(ကက) ဦးမြင့်ဝေ — ဥက္ကဋ္ဌ
ခေတ္တအထွေထွေမန်နေဂျာ
သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း

(ခခ) ဆောက်လုပ်ရေးဝန်ကြီးဌာနလက်အောက်ရှိ — ဒုတိယဥက္ကဋ္ဌ
ဌာနတစ်ခုခု၏ ဒုတိယညွှန်ကြားရေးမှူးချုပ်
သို့မဟုတ် ညွှန်ကြားရေးမှူး

(ဂဂ) ဦးကျော်ဇေယျ — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
ဝန်ကြီးရုံး

(ဃဃ) ဒေါ်အေးသင်းရီ — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
မြန်မာ့အသံနှင့် ရုပ်မြင်သံကြား

(ငင) ဦးဆန်းမြင့် — အဖွဲ့ဝင်
ဦးစီးအရာရှိ
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(စစ) ဦးမင်းကိုကို — အတွင်းရေးမှူး
ညွှန်ကြားရေးမှူး
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

(၅) သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း

(ကက) ဒေါက်တာသီတာတင် — ဥက္ကဋ္ဌ
ဒုတိယညွှန်ကြားရေးမှူးချုပ်
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(ခခ) ဆောက်လုပ်ရေးဝန်ကြီးဌာနလက်အောက်ရှိ — ဒုတိယဥက္ကဋ္ဌ
ဌာနတစ်ခုခု၏ ဒုတိယညွှန်ကြားရေးမှူးချုပ်
သို့မဟုတ် ညွှန်ကြားရေးမှူး

(ဂဂ) ဦးဌေးလှိုင် အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

(ဃဃ) ဒေါ်အေးသင်းရီ အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
မြန်မာ့အသံနှင့် ရုပ်မြင်သံကြား

(ငင) ဦးဇော်မင်းထိုက် အဖွဲ့ဝင်
ဦးစီးအရာရှိ
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

(စစ) ဦးဟန်လင်းအောင် အတွင်းရေးမှူး
ညွှန်ကြားရေးမှူး
သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း

၇။ အရည်အသွေးထိန်းချုပ်ရေးနှင့် အပြီးသတ်လက်ခံရေးကော်မတီ၏ လုပ်ငန်းတာဝန်များကို အောက်ပါအတိုင်း သတ်မှတ်ပေးလိုက်သည်-

(က) တည်ဆောက်ရေးလုပ်ငန်းအား ကန်ထရိုက်စာချုပ်တွင် သတ်မှတ်ဖော်ပြထားသည့် အရည်အသွေး၊ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း၊

(ခ) တည်ဆောက်ပြီးစီးသော လုပ်ငန်းများကို စိစစ်လက်ခံခြင်း၊ စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့် မကိုက်ညီသော လုပ်ငန်းများအား ပြန်လည်ပြင်ဆင်စေခြင်း၊

(ဂ) လုပ်ငန်းစတင်ဆောင်ရွက်သည့်နေ့ရက်မှ လုပ်ငန်းဆောင်ရွက်ပြီးစီးသည့် နေ့ရက်အထိ လုပ်ငန်းစဉ်တိုင်း အရည်အသွေးစစ်ဆေးရေးအဖွဲ့ (QC Team) နှင့် အကြံပေးပညာရှင် သို့မဟုတ် အကြံပေးပညာရှင်အဖွဲ့၊ တတိယအဖွဲ့အစည်း (ရှိလျှင်) တို့မှ သတ်မှတ်ကာလ အပိုင်းအခြားအလိုက် ပုံမှန်စစ်ဆေးတင်ပြမှုများကို ကြီးကြပ်စစ်ဆေးခြင်း၊

(ဃ) အရည်အသွေးစစ်ဆေးရန် လုပ်ငန်းအပ်နှံခြင်းဆိုင်ရာ သဘောတူစာချုပ်ပါ အချက်အလက်များအတိုင်း အရည်အသွေးစစ်ဆေးရေးအဖွဲ့မှ လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိကို စစ်ဆေးခြင်း၊

(င) စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာများကို တင်ဒါဗဟိုကော်မတီသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြခြင်း၊

(စ) စီမံကိန်းလုပ်ငန်းတစ်ခုလုံး အရည်အသွေးပြည့်မီစေရေးနှင့် သတ်မှတ်ကာလအတွင်း ပြီးစီးရေးအတွက် တာဝန်ခံကြီးကြပ်ခြင်း၊

(ဆ) အရည်အသွေးပြည့်မီစွာ လုပ်ငန်းပြီးစီးကြောင်း စစ်ဆေးအတည်ပြုချက် အစီရင်ခံစာကို တင်ဒါဗဟိုကော်မတီသို့ တင်ပြခြင်း။

၈။ တည်ဆောက်ရေးလုပ်ငန်းတင်ဒါဗဟိုကော်မတီသည် နိုင်ငံတော်သမ္မတရုံး၏ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၈ ရက်စွဲပါ ညွှန်ကြားချက်အမှတ် ၇/၂၀၂၀ ဖြင့် ထုတ်ပြန်သည့် တင်ဒါလုပ်ထုံးလုပ်နည်းများနှင့် အညီ ကြီးကြပ်ဆောင်ရွက်သွားရန်ဖြစ်ပါသည်။

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်)

အမှတ် ၂၀။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၆ ရက်စွဲပါ စာအမှတ်၊ ၁၁၈(၁) /၈/ သမ္မတရုံး အရ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ်၏ တာဝန်များကို ပူးတွဲထမ်းဆောင်လျက်ရှိသော ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ဦးကိုကိုနိုင် အား ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့ နံနက်ပိုင်းမှစ၍ မူလတာဝန်ဝတ္တရားများကို ပြန်လည်ထမ်းဆောင်ခွင့် ပြုလိုက်သည်။

၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၄ ရက်)

အမှတ် ၃၀။ သတင်းမီဒီယာနည်းဥပဒေ ၅၊ အပိုဒ်ခွဲ (က) နှင့် (ခ) တို့အရ ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၁၈ ခုနှစ်၊ မေလ ၂၁ ရက်စွဲပါ စာအမိန့်ကြော်ငြာစာအမှတ် (၅၈)၊(၅၉)တို့ဖြင့် ဖွဲ့စည်းခဲ့သည့် **မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်ရွေးချယ်တင်မြှောက်ရေးအဖွဲ့** ကို အောက်ပါအတိုင်းပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က) ဒေါက်တာတင်ထွန်း(သထုံ တင်ထွန်း)
သတင်းမီဒီယာနှင့် သက်ဆိုင်သည့်တတ်သိပညာရှင်

( ခ ) ဒေါက်တာသက်လွင်
ဒုတိယဥက္ကဋ္ဌ
မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်များအဖွဲ့

( ဂ ) ဒေါ်ကယ်ရယ်အင်ချစ်သာ
အမှုဆောင်အဖွဲ့ဝင်
မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်များအဖွဲ့

(ဃ) ဒေါက်တာလှသန်း
အမှုဆောင်အဖွဲ့ဝင်
မြန်မာနိုင်ငံနည်းပညာရှင်အဖွဲ့

( င ) ဦးမြင့်အောင်
တရားလွှတ်တော်ရှေ့နေ

( စ ) ဦးလှချို
B.Sc, HGP, RL, DBL, DML

(ဆ) ဒေါ်ယုယုဝင်း
B.Sc, RL

( ဇ ) ဒေါက်တာဒေါ်သီတာတင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

အမှတ်၃၁။ သတင်းမီဒီယာနည်းဥပဒေ ၅ အရ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ရေးအဖွဲ့သည် မိမိတို့ အဖွဲ့ဝင်များထဲမှ ဥက္ကဋ္ဌနှင့်အတွင်းရေးမှူး တစ်ဦးစီကို အများဆန္ဒဖြင့် ရွေးချယ်တာဝန်ပေးအပ်ရမည်။ ယင်းအဖွဲ့သည် သတင်းမီဒီယာနည်းဥပဒေ အခန်း(၃)၊ (၄) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကောင်စီဝင်များကို ရွေးချယ်တင်မြှောက်ရမည်။

**(ဝန်ကြီးရုံး)**

၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၉ ရက်)

အမှတ် ၃၇ ။  ၂၀၂၁ ခုနှစ်၊ မတ်လ ၉ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၁) ၏ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ စီမံဌာနခွဲမှ အောက်ဖော်ပြပါ အရာထမ်း အား ယင်းနှင့်ယှဉ်တွဲဖော်ပြပါ ရာထူးနေရာသို့ ၂၀၂၁ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| အမည် | မူလရာထူး၊ လစာနှုန်း (ကျပ်) ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း (ကျပ်)၊ ဌာန |
|---|---|---|
| ဦးကျော်ဇင်စိုး | ညွှန်ကြားရေးမှူး (စီမံ) (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | ဒုတိယညွှန်ကြားရေးမှူးချုပ် (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန |

**(ဝန်ကြီးရုံး)**

အမှတ် ၃၈ ။  ၂၀၂၁ ခုနှစ်၊ မတ်လ ၉ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၁) ၏ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၊ စီမံဌာနခွဲမှ အောက်ဖော်ပြပါ အရာထမ်းအား ယင်းနှင့်ယှဉ်တွဲဖော်ပြပါ ရာထူးနေရာသို့ ၂၀၂၁ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| အမည် | မူလရာထူး၊ လစာနှုန်း (ကျပ်) ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း (ကျပ်)၊ ဌာန |
|---|---|---|
| ဦးမြင့်ဝေ | ညွှန်ကြားရေးမှူး (စီမံ) (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း | အထွေထွေမန်နေဂျာ (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း |

**(ဝန်ကြီးရုံး)**

အမှတ် ၃၉ ။  ၂၀၂၁ ခုနှစ်၊ မတ်လ ၉ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၁) ၏ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးမှ အောက်ဖော်ပြပါ အရာထမ်းအား ယင်းနှင့်ယှဉ်တွဲဖော်ပြပါ ရာထူးနေရာသို့ ၂၀၂၁ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| အမည် | မူလရာထူး၊ လစာနှုန်း (ကျပ်) ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း (ကျပ်)၊ ဌာန |
|---|---|---|
| ဦးမြင့်ဆွေ | ဒုတိယညွှန်ကြားရေးမှူး (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန | ညွှန်ကြားရေးမှူး (ထုတ်လုပ်) (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန |

## (ဝန်ကြီးရုံး)

အမှတ် ၄၀။ ၂၀၂၁ ခုနှစ်၊ မတ်လ ၉ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၁) ၏ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲမှ အောက်ဖော်ပြပါ အရာထမ်းအား ယင်းနှင့်ယှဉ်တွဲဖော်ပြပါ ရာထူးနေရာသို့ ၂၀၂၁ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| **အမည်** | **မူလရာထူး၊ လစာနှုန်း (ကျပ်)**<br>**ဌာန** | **တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း (ကျပ်)၊**<br>**ဌာန** |
|---|---|---|
| ဦးကျော်ဌေး | ဒုတိယညွှန်ကြားရေးမှူး<br>(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)<br>မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲ<br>ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး<br>ဦးစီးဌာန | ညွှန်ကြားရေးမှူး (မူပိုင်ခွင့်)<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲ<br>ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး<br>ဦးစီးဌာန |

## (ဝန်ကြီးရုံး)

အမှတ် ၄၁။ ၂၀၂၁ ခုနှစ်၊ မတ်လ ၉ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၁) ၏ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၊ သတင်းဌာနခွဲမှ အောက်ဖော်ပြပါ အရာထမ်းအား ယင်းနှင့်ယှဉ်တွဲဖော်ပြပါ ရာထူးနေရာသို့ ၂၀၂၁ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| **အမည်** | **မူလရာထူး၊ လစာနှုန်း (ကျပ်)**<br>**ဌာန** | **တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း (ကျပ်)၊**<br>**ဌာန** |
|---|---|---|
| ဦးကျော်လွင်ဦး | ဒုတိယညွှန်ကြားရေးမှူး (သတင်း)<br>(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)<br>သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း | ညွှန်ကြားရေးမှူး (ပုံနှိပ်)<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန |

## (ဝန်ကြီးရုံး)

အမှတ် ၄၂။ ၂၀၂၁ ခုနှစ်၊ မတ်လ ၉ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၁) ၏ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ တေးဂီတဌာနခွဲမှ အောက်ဖော်ပြပါ အရာထမ်းအား ယင်းနှင့်ယှဉ်တွဲဖော်ပြပါ ရာထူးနေရာသို့ ၂၀၂၁ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့ နံနက်ပိုင်းမှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| **အမည်** | **မူလရာထူး၊ လစာနှုန်း (ကျပ်)**<br>**ဌာန** | **ပြောင်းရွှေ့ခန့်ထားသည့်ရာထူး၊ လစာနှုန်း (ကျပ်)၊**<br>**ဌာန** |
|---|---|---|
| ဦးတိုးကျော် | ညွှန်ကြားရေးမှူး (တေးဂီတ)<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>မြန်မာ့အသံနှင့် ရုပ်မြင်သံကြား | စာတည်းမှူးချုပ်<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀၀)<br>စာပေဗိမာန်ရုံး<br>ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန |

**(ဝန်ကြီးရုံး)**

အမှတ် ၄၃ ။ ၂၀၂၁ ခုနှစ်၊ မတ်လ ၉ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၁) ၏ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ MI ဌာနခွဲမှ အောက်ဖော်ပြပါ အရာထမ်းအား ယင်းနှင့်ယှဉ်တွဲဖော်ပြပါ ရာထူးနေရာသို့ ၂၀၂၁ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| **အမည်** | **မူလရာထူး၊ လစာနှုန်း (ကျပ်) ဌာန** | **တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း (ကျပ်)၊ ဌာန** |
|---|---|---|
| ဒေါ်လိပ်န်းမောင်းပန် | ဒုတိယညွှန်ကြားရေးမှူး (MI) (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) မြန်မာ့အသံနှင့် ရုပ်မြင်သံကြား | စာတည်းမှူးချုပ် (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) မြန်မာ့သတင်းစဉ် (နိုင်ငံခြား) သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း |

အမှတ် ၄၄ ။ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့သတင်းစဉ် (နိုင်ငံခြား) မှ စာတည်းမှူးချုပ် ဒေါ်လိပ်န်းမောင်းပန် အား လုပ်ငန်းလိုအပ်ချက်အရ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ MI ဌာနခွဲတွင် တွဲဖက်တာဝန်ထမ်းဆောင်စေလိုက်သည်။

**(ဝန်ကြီးရုံး)**

အမှတ် ၄၇ ။ ဤဝန်ကြီးရုံး၏ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၈) ကို ရည်ညွှန်းလျက် ၂၀၂၁ ခုနှစ်၊ မတ်လ ၉ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၁) ၏ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ) ဦးဝင်းသူ ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနသို့ တွဲဖက်ထားသည့် ကာလအတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူး (အသံလွှင့်) ဦးဇေယျာ အား မူလတာဝန်များအပြင် ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ) ၏ တာဝန်များကိုပါ ပူးတွဲထမ်းဆောင်စေလိုက်သည်။

ချစ်နိုင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၉/၂၀၂၁)**

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်
(၂၀၂၁ ခုနှစ်၊ မတ်လ ၅ ရက်)

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)၊ အနုပညာဌာနခွဲ (ရုပ်ရှင်/ပြဇာတ်) မှ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ပါမောက္ခ ဦးအောင်နိုင်ဦး အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ၊ ပုဒ်မ (၂၂)နှင့် နိုင်ငံ့ဝန်ထမ်းဥပဒေများ၊ နည်းဥပဒေ (၈၁)တို့ အရ သက်ပြည့်အငြိမ်းစား မယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၁ ခုနှစ်၊ မတ်လ ၉ ရက်နေ့မှ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့ အထိ ခံစားခွင့်ပြုလိုက်သည်။

ပါမောက္ခ ဦးအောင်နိုင်ဦး အား ခံစားခွင့်ရက်များကုန်ဆုံးပြီးနောက် ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၉ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ ပုဒ်မ (၅၆)၊ ပုဒ်မခွဲ (က)၊ ပုဒ်မ (၅၇) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ (၂၃၃)၊ နည်းဥပဒေခွဲ(က)တို့အရ ပြည်သူ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

ဦးကိုကို
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၁/၂၀၂၁)

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်
(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်)

၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁၅) နှင့် ပုဒ်မ ၄၅ တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို သုံးစွဲလျက် အဆိုပါဥပဒေတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များအရ စစ်ကိုင်းတိုင်းဒေသကြီး၊ အရာတော်မြို့တွင်တည်ရှိသည့် နန်ယန်းဖိုင်းနန့်မြန်မာ ကုမ္ပဏီလီမိတက် NONGHYUP FINANCE MYANMAR COMPANY LIMITED (အရာတော်) ဌာနအား စတင်မှတ်ပုံတင်သည့်နေ့မှစ၍ လူမှုဖူလုံရေးအဖွဲ့နှင့် အကျုံးဝင်သက်ရောက်စေရမည် ဟု ကြေညာလိုက်သည်။ ထို့အပြင် အဆိုပါဥပဒေတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များအလို့ငှာ စစ်ကိုင်းတိုင်းဒေသကြီး၊ အရာတော်မြို့တွင် တည်ရှိသည့် နန်ယန်းဖိုင်းနန့်မြန်မာကုမ္ပဏီလီမိတက် NONGHYUP FINANCE MYANMAR COMPANY LIMITED (အရာတော်) ဌာနအား မုံရွာမြို့၊ မြို့နယ်လူမှုဖူလုံရေးရုံးတွင် မှတ်ပုံတင်ရမည် ဟု ကြေညာလိုက်သည်။

ဦးမြင့်ကြိုင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## အမိန့်အမှတ် (၂၂/၂၀၂၁)

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်
(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်)

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေပုဒ်မ ၂၁၊ ပုဒ်မခွဲ (ခ) ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် လတ်တလော အသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါ (Coronavirus Disease 2019–COVID –19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ၁၆–၄–၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၃၇/၂၀၂၀၊ ၂၈–၅–၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၅၆/၂၀၂၀ တို့ဖြင့် ခြွင်းချက်ပြု ဖော်ပြထားသောကိစ္စရပ်များမှအပ လူ ၅ ဦးဖြစ်စေ၊ လူ ၅ ဦးထက် ပို၍ဖြစ်စေ စုဝေးခြင်းမပြုရန် ထုတ်ပြန်ကြေညာခဲ့ပြီး ၂၉–၇–၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၇၉/၂၀၂၀ ဖြင့် ၁–၈–၂၀၂၀ ရက်မှစ၍ အဆိုပါအမိန့်များတွင် ဖော်ပြထားသော ကိစ္စရပ်များမှအပ လူ ၅ ဦး **အစား** လူ ၁၅ ဦးဖြစ်စေ၊ လူ ၁၅ ဦး ထက်ပို၍ဖြစ်စေ စုဝေးခြင်းမပြုရန်နှင့် ၁၂–၈–၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၈၈/၂၀၂၀ ဖြင့် ၁၆–၈–၂၀၂၀ ရက်မှစ၍ လူ ၁၅ ဦး **အစား** လူ ၃၀ ဦးဖြစ်စေ၊ လူ ၃၀ ဦးထက်ပို၍ဖြစ်စေ စုဝေးခြင်းမပြုရန် ပြင်ဆင်ထုတ်ပြန်ခဲ့ပါသည်။

၂။ ယခုအခါ COVID –19 ရောဂါ၏ လက်ရှိဖြစ်ပွားမှုအခြေအနေအရ ၂၆–၂–၂၀၂၁ ရက်မှစ၍ အဆိုပါအမိန့်များတွင် ဖော်ပြထားသောကိစ္စရပ်များမှအပ လူ ၃၀ ဦး **အစား** လူ ၅၀ ဦးထက်ပို၍ စုဝေးခြင်းမပြုရန် ပြင်ဆင်ထုတ်ပြန်လိုက်သည်။

၃။ COVID –19 နှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန တို့က ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်သည်။

## အမိန့်အမှတ် (၂၅/၂၀၂၁)

၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်)

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေပုဒ်မ ၂၁၊ ပုဒ်မခွဲ (ခ) ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် လတ်တလော အသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါ (Coronavirus Disease 2019–COVID –19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာထိန်းချုပ်နိုင်ရန် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် နေထိုင်သည့်ပြည်သူများ အနေဖြင့် မိမိနေအိမ်တွင် နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ယင်းသို့ Stay at Home အစီအစဉ်တွင် အကျုံးဝင်ကြောင်းကြေညာခဲ့သည့် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် အောက်ပါအခြေအနေများကို တွေ့ရှိရပါသည်–

(က) ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလဆန်းပိုင်းမှစ၍ COVID –19 ရောဂါဓာတ်ခွဲအတည်ပြုလူနာများတွေ့ရှိမှု သိသိသာသာ ကျဆင်းလာခြင်း၊

(ခ) ဓာတ်ခွဲအတည်ပြုလူနာများမှလည်း လူတစ်ဦးမှတစ်ဦးသို့ အစုလိုက်ကူးစက်ဖြစ်ပွားမှုမရှိခြင်း၊

(ဂ) Stay at Home အစီအစဉ် ဆောင်ရွက်စဉ်ကာလအတွင်း ကျန်းမာရေးအသိပညာမြှင့်တင်ခြင်း လုပ်ငန်းများအား သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပြည်သူများက အလေးထားဆောင်ရွက်ခဲ့ခြင်း၊

(ဃ) မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ ကျန်းမာရေးဌာနမှဝန်ထမ်းများ၊ နီးနွယ်သည့်ဌာန၊ အဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပြည်သူလူထုက ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် တက်တက် ကြွကြွ ပါဝင်ဆောင်ရွက်ခဲ့ခြင်း။

၃။ ယခုအခါ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် အပိုဒ် (၂) ပါ အချက်များနှင့် ကိုက်ညီကြောင်း တွေ့ရှိရသည့်အပြင် ရောဂါထိန်းချုပ်မှုနှင့်စပ်လျဉ်း၍ တိုးတက်မှုရှိသည်ကို တွေ့ရှိရသဖြင့် ၂၀၂၁ ခုနှစ်၊ မတ်လ ၁ ရက်နေ့၊ ဂ၄း ဂဂ နာရီအချိန်မှစ၍ ယင်းမြို့နယ်များတွင် နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင် နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ခြင်းမှ ပယ်ဖျက်လိုက်သည်။

ဒေါက်တာသက်ခိုင်ဝင်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန
## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၂၁)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၅ ရက်
(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်)

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာနများ၏ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ၊ စီမံရေးရာကိစ္စရပ်များ၊ ဝန်ထမ်းရေးရာကိစ္စရပ်များ၊ ငွေစာရင်းဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်ကိစ္စရပ်များ၊ တိုင်းရင်းသားအခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေပါအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်နိုင်ရန် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅/၂၀၂၁ အရ ဖွဲ့စည်းထားသည့် **တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီ** ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဦးစောထွန်းအောင်မြင့်<br>ပြည်ထောင်စုဝန်ကြီး<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဦးဇော်အေးမောင်<br>ဒုတိယဝန်ကြီး<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဦးဝင်းနိုင်<br>ညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဦးမင်းအေးကို<br>ညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန | အဖွဲ့ဝင် |

( င ) ဒေါက်တာအယ်လ်တူးမိန်းဂေါင် — အတွင်းရေးမှူး
အမြဲတမ်းအတွင်းဝန်
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

( စ ) ဦးမင်းသူရအောင်(ခ)ဦးသိမ်းထွဋ်အောင် — တွဲဖက်အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူးချုပ်
တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန

စောထွန်းအောင်မြင့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ရန်ကုန်တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ
## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
### အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၂၁)

ရန်ကုန်မြို့၊ ၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်
(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်)

### ရန်ကုန်မြို့တော်ဘဏ်လီမိတက် ဘဏ်ဒါရိုက်တာအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

၁။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့ ကျင်းပပြုလုပ်သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ကော်မတီဝင်များ၏ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၁)၊ ဆုံးဖြတ်ချက်အရ ရန်ကုန်မြို့တော်ဘဏ်လီမိတက် ဘဏ်ဒါရိုက်တာအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်–

(က) ဥက္ကဋ္ဌ (မြို့တော်ဝန်) — နာယက
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

( ခ ) ဒုတိယဥက္ကဋ္ဌ (ဒုတိယမြို့တော်ဝန်) — ဥက္ကဋ္ဌ
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

( ဂ ) အတွင်းရေးမှူး — ဒုတိယဥက္ကဋ္ဌ
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

(ဃ) ဦးကျော်သန်း — မန်နေးဂျင်းဒါရိုက်တာ
အမှုဆောင်အရာရှိချုပ်

( င ) ဒေါ်နီနီအေး — ဒါရိုက်တာ
ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

( စ ) ဦးသစ္စာ ဒါရိုက်တာ

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

(ဆ) ဦးသန်းထိုက် ဒါရိုက်တာ

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

( ဇ ) ဒေါက်တာတိုးအောင် ဒါရိုက်တာ

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

(ဈ) ဦးတင်ကိုကို သီးခြားလွတ်လပ်သောဒါရိုက်တာ

(ည) ဦးတင်ထွန်းဝင်း သီးခြားလွတ်လပ်သောဒါရိုက်တာ

၂။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၄ ရက်စွဲပါ စာအမှတ်၊ ၁၀၁/၀၂ (၂၀၁၆)/ စသက၊ အမိန့်ကြော်ငြာစာဖြင့် ဖွဲ့စည်းထားသော ရန်ကုန်မြို့တော်ဘဏ်လီမိတက် ဘဏ်ဒါရိုက်တာအဖွဲ့အား ဤအမိန့်ဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဗိုလ်ငွေး

ဥက္ကဋ္ဌ (မြို့တော်ဝန်)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ကချင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ

## အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၂၁)

၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်)

ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ ပူတာအိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ) ဦးဇော်မင်းလွင် အား ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့မှစ၍ ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၌ လက်ထောက်အင်ဂျင်နီယာ (မြို့ပြ) လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ တိုးမြှင့်ခန့်ထားလိုက်သည်။

ခက်ထိန်နန်

ဥက္ကဋ္ဌ

ကချင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ

မှတ်ပုံတင်အမှတ်−၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၂ ခုနှစ်၊ တန်ခူးလဆန်း ၅ ရက် (၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၆ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### အမျိုးသားလွှတ်တော်ရုံး

### အမိန့်ကြော်ငြာစာအမှတ်(၁၀၅ /၂၀၂၁)

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်

( ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက် )

၁။ အမျိုးသားလွှတ်တော်ရုံးမှ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဒေါ်ခင်မျိုးဆွေ သည် ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့တွင် အသက် (၆၀) နှစ်ပြည့်မည်ဖြစ်ပါ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏ နည်းဥပဒေ ၈၁ အရ ၂၀၂၁ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့မှ ဇူလိုင်လ ၁၂ ရက်နေ့အထိ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုလိုက်သည်။

၂။ ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့ နံနက်ပိုင်းမှစ၍ ညွှန်ကြားရေးမှူး ဒေါ်ခင်မျိုးဆွေ အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) အရ သက်ပြည့် အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

လွင်ဦး

ညွှန်ကြားရေးမှူးချုပ်

အမျိုးသားလွှတ်တော်ရုံး

# အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၂၁)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်)

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒိုးနွယ်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၁၃/ဝန်ဆောင်မှုဇုန်ရပ်)၊ ဦးပိုင်အမှတ် (B-၈)၊ မြေကွက်အမှတ် (B-၈) ရှိ **မြေဧရိယာ ၄၅.၀၀ ဧက** အား **စကျင်ကျောက်ဆင်းတုထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၂၁)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၅ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်)

ရှမ်းပြည်နယ်၊ လွိုင်လင်ခရိုင်၊ ကွန်ဟိန်းမြို့၊ အမှတ် (၃) ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၄/အောင်မင်္ဂလာကျောင်းရပ်)၊ ဦးပိုင်အမှတ် (၆၊ ၆၁၊ ၆၂၊ ၆၃၊ ၆၄၊ ၆၅၊ ၆၆၊ ၆၇၊ ၁၁၄၊ ၁၁၈၊ ၁၁၉၊ ၁၂၀၊ ၁၂၁၊ ၁၂၄၊ ၁၂၅) ရှိ **မြေဧရိယာ ၁၃.၆၄၂ ဧက** အား **အောင်မင်္ဂလာကျောင်း** သာသနာမြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

မြင့်သန်း

ညွှန်ကြားရေးမှူးချုပ်

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

# ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန

နေပြည်တော် ၊ ၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၅ ရက်

( ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက် )

အမှတ် ၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်စွဲပါ စာအမှတ်၊ ၈၁/တမ-၂/၂၉/၂/၂၀၂၁ ကိုညွှန်းလျက် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်စွဲပါ စာအမှတ်၊ ၀၄၇/၁-နစရ/ဝကရ(၂၄၆)အရ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ စစ်ကိုင်း၊ ဇီဝဗေဒဌာနမှ သရုပ်ပြ၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ဒေါ်မိုးသူဇာ အား လက်ထောက်ကထိက၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးသို့ အလုပ်တာဝန်များ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

သိန်းဌေးဦး

ညွှန်ကြားရေးမှူးချုပ်

ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန

ပ၊ ထ၊ န - အမှတ် ၅၅၈/ ၂၀/ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန/ စောင်ရေ - ၂၀၃၀/၁၆-၄-၂၀၂၁။